www.dhammaransi.com

ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်

# ဇိနမာရ်အောင်စေတီတော်



## ရောင်ခြည်တော်များကွန့်မြူးသည့် ဓါတ်တော်များ
## ကိန်းဝပ်စံပယ်ရာ ဓါတ်တော်တိုက်သမိုင်းအကျဉ်း နှင့်

### အလှူရှင်များ စာရင်းမှတ်တမ်း

www.dhammaransi.com




ရောင်ခြည်တော်ကွန့်မြူးသည့် မြတ်စွာဘုရားရှင်၏ ဓါတ်တော်များ

www.dhammaransi.com



ရောင်ခြည်တော်ကွန့်မြူးသည့် မြတ်စွာဘုရားရှင်၏ ဓါတ်တော်များ



ရောင်ခြည်တော်ကွန့်မြူးသည့် ရဟန္တာဓါတ်တော်များ

www.dhammaransi.com

www.dhammaransi.com



ရောင်ခြည်တော်ကွန့်မြူးသည့် ရဟန္တာဓါတ်တော်များ

www.dhammaransi.com

# ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်

# ဓိနမာရ်အောင်စေတီတော်ကြီး
# ဝတ္တကမြေအတွင်း

# ရောင်ခြည်တော်များကွန့်မြူးသည့်
# ဓါတ်တော်များ ကိန်းဝပ်စံပယ်ရာ
# အာလိန်ငါးဆင့်ဓါတ်တော်တိုက်ကြီး
# တည်ဆောက်ရေး သမိုင်းအကျဉ်း

နှင့်

# အလှူရှင်များစာရင်းမှတ်တမ်း

www.dhammaransi.com

# ဇိနမာရ်အောင်စေတီတော် တည်ဆောက်ရေးသမိုင်းမှတ်တမ်းအကျဉ်း

၁။ **စေတီတော်ကြီး၏** ဉာဏ်တော်အမြင့် ၁၃၅ ပေ။

၂။ **မြေသန့်မင်္ဂလာကို** သက္ကရာဇ် ၁၃၅၁–ခုနှစ်၊ ပြာသိုလပြည့်၊ ၁၀–၁–၉၀ခု (ဗုဒ္ဓဟူးနေ့) နံနက် (၈း၂၈) နာရီတွင် ကျင်းပပါသည်။

၃။ **ပန္နက်တင်မင်္ဂလာကို** သက္ကရာဇ် ၁၃၅၁–ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်၊ ၁၁–၁–၉၀ (ကြာသပတေးနေ့) နံနက် (၅း၄၀) နာရီတွင် ကျင်းပပါသည်။

၄။ **အုတ်မြစ်စီမင်္ဂလာကို** သက္ကရာဇ် ၁၃၅၁–ခုနှစ်။ တပို့တွဲလဆန်း ၂ ရက်၊ ၂၇–၁–၉၀ (စနေနေ့) နံနက် (၉း၄၅) နာရီတွင် ကျင်းပပါသည်။

၅။ **ဌာပနာတော်သွင်း မင်္ဂလာကို** သက္ကရာဇ် ၁၃၅၂–ခုနှစ်၊ ပြာသိုလပြည့်၊ ၁၀–၁၂–၉၀ (တနင်္ဂနွေနေ့) နေ့လယ် (၁၂း၁၂) နာရီတွင် ကျင်းပပါသည်။

၆။ **အထက်ဌာပနာတော်သွင်း မင်္ဂလာကို** ၁၃၅၄–ခုနှစ်၊ ကဆုန်လပြည့်၊ ၁၆–၅–၉၂ (စနေနေ့) နံနက် (၉း၄၅) နာရီတွင် ကျင်းပပါသည်။

၇။ **ငှက်ပျောဖူး၊ ဌာပနာတော်သွင်းမင်္ဂလာကို** သက္ကရာဇ် ၁၃၅၄–ခုနှစ်၊ တန်ဆောင်မုန်းလပြည့် ၉–၁၁–၉၂ (တနင်္လာနေ့) နံနက် (၉း၁၉) နာရီတွင် ကျင်းပပါသည်။

၈။ **ပန်းလည်တိုင်မင်္ဂလာကို** သက္ကရာဇ် ၁၃၅၄–ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်၊ ၆–၁၂–၉၂ (တနင်္ဂနွေနေ့) နံနက် (၉း၁၂) နာရီတွင် ကျင်းပပါသည်။

၉။ **ထီးတော်တင်မင်္ဂလာကို** သက္ကရာဇ် ၁၃၅၄–ခုနှစ်၊ နတ်တော်လပြည့်၊ ၉–၁၂–၉၂ (ဗုဒ္ဓဟူးနေ့) ပထမအခါတော် နံနက် (၄း၅၁း၃၆) နာရီ၊ ဒုတိယအခါတော် နေ့လယ် (၁၂း၁၅) နာရီတွင် ကျင်းပပါသည်။

၁၀။ **ကြာသပတေးထောင့် အရံစေတီ အုတ်မြစ်စီ မင်္ဂလာကို** သက္ကရာဇ် ၁၃၅၄–ခုနှစ် ပြာသိုလဆန်း ၁၀ ရက်၊ ၂–၁–၉၃ (စနေနေ့) နံနက် (၉း၄၂း၃၆) နာရီတွင် ကျင်းပပါသည်။

၁၁။ **အရံစေတီ ခုနစ်ဆူ အုတ်မြစ်စီ မင်္ဂလာကို** သက္ကရာဇ် ၁၃၅၄–ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်၊ ၁၈–၂–၉၃ (ကြာသပတေးနေ့) (၈း၄၅) နာရီတွင် ကျင်းပပါသည်။

www.dhammaransi.com

# ဇိနမာရ်အောင်စေတီတော် ဂေါပကအဖွဲ့၏
# ဩဝါဒစရိယ ဆရာတော်ကြီးများ

| | | | |
|---|---|---|---|
| ၁။ | ဦးကောဝိဒါဘိဝံသ | (ဗဟိုဝန်ဆောင်) | မူလကျောက်ချောင်းကျောင်း။ |
| ၂။ | ဦးကုသလ | (တိုင်းဝန်ဆောင်) | နတ်မောက်ကျောင်း။ |
| ၃။ | ဦးဝိမလဗုဒ္ဓိ | (မြို့နယ်ဥက္ကဋ္ဌ) | အောင်စကြာ<br>မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်း။ |
| ၄။ | ဦးဂါမဏိ | (မြို့နယ်အကျိုးဆောင်) | မင်္ဂလာသီဂီကျောင်း။ |
| ၅။ | ဦးဇောတိက | (မြို့နယ်အဖွဲ့ဝင်) | သာသနာ့ဇောတိကာရုံကျောင်း။ |
| ၆။ | ဦးတိလောက | (မြို့နယ်အဖွဲ့ဝင်) | ဓမ္မသုခပုလဲကျောင်း။ |
| ၇။ | ဦးတေဇိန္ဒ | (မြို့နယ်အဖွဲ့ဝင်) | ဇမ္ဗူအေးဓမ္မရိပ်သာ။ |
| ၈။ | ဦးပညာဒီပ | (မြို့နယ်အဖွဲ့ဝင်) | ရွှေနံ့သာကျောင်း။ |
| ၉။ | ဦးလက္ခဏ | (မြို့နယ်အဖွဲ့ဝင်) | သာစည်ကျောင်း။ |
| ၁၀။ | ဦးသောဘဏ | (မြို့နယ်ဥက္ကဋ္ဌ) | အဘယာရာမကျောင်း။ |
| ၁၁။ | ဦးအင်္ဂီသ | (မြို့နယ်ဥက္ကဋ္ဌ) | ပါဠိကာရီကျောင်း။ |
| ၁၂။ | ဦးခေမာဝံသ | (မြို့နယ်ဥက္ကဋ္ဌ) | ရန်ကုန်ကျောင်း။ |
| ၁၃။ | ဦးသုမင်္ဂလာသာမိ | (မြို့နယ်ဥက္ကဋ္ဌ) | အောင်ရတနာကျောင်း။ |
| ၁၄။ | ဦးကုမာရ | (တိုင်းအကျိုးဆောင်) | သုခိတာရုံကျောင်း။ |
| ၁၅။ | ဦးဉာဏဝံသ | (အခြေခံဥက္ကဋ္ဌ) | ဓမ္မစာရိတ္တကျောင်း။ |
| ၁၆။ | ဦးက္လန္ဒက | | မေတ္တာရောင်ခြည်တပ်ဦးကျောင်း။ |
| ၁၇။ | ဦးဉာဏိကာလင်္ကာရ | | ရောဝဏ်ကျောင်း။ |

www.dhammaransi.com

# ဗိုလ်ချုပ်အောင်ဆန်းစေတီတော် တည်ဆောက်ရေး ဦးစီးနာယကများ

၁။ ဗိုလ်ချုပ်မြင့်ဆွေ (ဥက္ကဋ္ဌ) တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ။

၂။ ဗိုလ်မှူးချုပ် သူရမြင့်မောင် (ဝန်ကြီး) သာသနာရေးဝန်ကြီးဌာန။

၃။ ဗိုလ်ချုပ်ဝင်းလှိုင် (ညွှန်ကြားရေးမှူး) စစ်လက်နက်ဝယ်ယူရေး။

၄။ ဗိုလ်မှူးချုပ်အောင်သိန်းလင်း (မြို့တော်ဝန်) ရန်ကုန်။

၅။ ဗိုလ်ချုပ်ဆန်းဆင့် (စစ်ရာထူးခန့်ချုပ်) ကာကွယ်ရေးဝန်ကြီးဌာန။

၆။ ဗိုလ်မှူးကြီးအောင်စန်း (ဒါရိုက်တာ) မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်။

၇။ ဦးအုံမောင် နိုင်ငံတော်အကြံပေး။

၈။ ဗိုလ်မှူးကြီးတင်ထွန်း (ဥက္ကဋ္ဌ) အမှတ်–၂ စစ်ဒေသမှူး။

၉။ ဒု–ဗိုလ်မှူးကြီးမောင်မောင်ရှိန် (ဥက္ကဋ္ဌ) ရန်ကုန်အရှေ့ပိုင်းခရိုင်။

၁၀။ ဒု–ဗိုလ်မှူးကြီးဘသန်း (ငြိမ်း) မြို့တော်စည်ပင်။

၁၁။ ဒု–ဗိုလ်မှူးကြီးဇော်ညွှန့် (ငြိမ်း) တည်ဆောက်ရေး ဥက္ကဋ္ဌဟောင်း။

၁၂။ ဒု–ဗိုလ်မှူးကြီးထွန်းထွန်း (ညွှန်ကြားရေးမှူးချုပ်) သစ်လုပ်ငန်း။

၁၃။ ဗိုလ်မှူးဝင်းသောင်း (ဒုညွှန်ချုပ်) က–ည–န ရန်ကုန်တိုင်း။

# ဗိုလ်ချုပ်အောင်ဆန်းစေတီတော် ဂေါပကအဖွဲ့

၁။ ဦးစိုးညွှန့် (ဥက္ကဋ္ဌ)

၂။ ဦးလှထွန်း (အတွင်းရေးမှူး)

၃။ ဦးတင်စိန် (ဘဏ္ဍာရေးမှူး)

၄။ ဦးလှအောင် (စာရင်းစစ်)

၅။ ဦးတင်ကြည် (အဖွဲ့ဝင်)

၆။ ဦးမြမောင် (အဖွဲ့ဝင်)

www.dhammaransi.com

# ဓါတ်တော်ဘုရားရှိခိုး

၁။ အာဒိစ္စ ဝံသိကော ဗုဒ္ဓေါ ဗာတ္တိံသ
ဝရလက္ခဏော ဓမ္မော ခန္ဓာ ပရဟိတွာ
ဥဒေတု ဓမ္မမာမကေ

အာဒိစ္စဝံသိကော–နေနွယ်နေမျိုး သတိုးသကျ သာကီယနွယ်ဖွား အစစ်ဖြစ်တော်မူပေထသော (ဝါ) ရောင်ခြည်တစ်ထောင်အလင်းဆောင်၍ ထွန်းပြောင်ထိန်လျှပ် နေရဟတ်စကြာ သူရိယပိုင်နင်း နေမင်းမျိုးအမှန် အသမ္ဘိသ ခတ္တိယနွယ်ဖွားအစစ်ဖြစ်တော်မူပေထသော၊ဗာတ္တိံသ ဝရလက္ခဏော–သုံးဆယ့်နှစ်ပါးသော ယောက်ျားမြတ်တို့၏ လက္ခဏာတော်ကြီးငယ် အသွယ်သွယ်တို့နှင့် ပြည့်စုံတော်မူပေထသော၊ ဗုဒ္ဓေါ ဗုဒ္ဓဒိစော–ဗုဒ္ဓတည်းဟူသော နေမင်းကြီးသဖွယ် ဖြစ်တော်မူသော ဘုရားအရှင် ကိုယ်တော်မြတ်ကြီး၏၊ ဓမ္မောခန္ဓာ–ဘဝါဘဝ ကမ္ဘာကမ္ဘာက ကိုယ်တွင်းကိန်းဝပ် လေးရပ်ပိန်ဖုံး မောဟတည်းဟူသော အမိုက်စု အမှောင်ထုတွေကို၊ ပရဟိတွာ– မှုံမှုံကြေမွ တစ်စမကျန် တွန်းလှန်ဖြို ခွဲအောင်မြင်တော်မူပြီး၍၊ ဓမ္မမာမက– သူတော်ကောင်းတို့ကိုးကွယ်ရာဖြစ်သော ဤကျောင်းတော်တွင်းသို့ ဥဒေတု– ကြွလှမ်းတော်မူလှဲ့ပါ၊ အသရေမဆုံး၊ နေတန်းကဲ့သို့၊ ရွှေဘုန်းတော်သခင်၊ အရှင်သူတော်မြတ်ကြီးဘုရား။

၂။ ဘန္တေ သန္တပဒါ သဗ္ဗဂါဟိတွာ
ဗုဒ္ဓ ရူပကံ အာနုဘာဝံ ဘန္တေ
သန္တိ နမာမိ သာရဟံ။

ဘန္တေ– ဗောဓိညောင်ရွှေ၊ ရောင်ပမေဟု အောင်မြေတင့်ဆန်း၊ ပလ္လင်နန်း၌၊ သန္တိပဒါ– ထိန်ဝါပပ၊ ချိန်ခါကျ၍၊ သိကြားပြည်၊ နဂါးပြည်၊ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်၊ စသည်တို့တွင် ကြွရောက်စည်းဝေးတော်မူလာကြကုန်သော၊ သဗ္ဗဓါတုရော– အဆင်းတော်အမျိုးမျိုး။ တန်ခိုးတော်အနန္တ။ ပဏာမသုံးသွယ် အရှယ်တော်သုံး၊ အလုံးစုံသော ဓါတ်တော်ပေါင်းများစွာတို့သည် ရုပ်ဓါတ်ပေါင်းစီ၊ ထိုဓါတ်ပေါင်းစုံ ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို၊ သာရဟံ– မျှော်တွေးဆည်းကပ် ယခုလို အဝေးရပ်ကပင်လျှင်၊

www.dhammaransi.com

လေးမြတ်ကြည်ညိုရှိသေလှစွာ၊ **အဟံ–** ရောင်တော်ပြန်ပွဲ ဆင်ကာနွဲ့ရန်မို့၊ **အဟံ–ဓမ္မ** သဘင်ပွဲ ဆင်ကာနွဲ့ရန်မို့၊ အားခဲမျှော်ကာ၊ တပည့်တော်တို့မှာ၊ **နမာမိ–** ကောင်းမှုအထွေထွေ အနန္တတို့နှင့်၊ တောင်းဆုဝေဝေ–ပန်သပြီးလျှင် မျှော်တအားကိုးလက်စုံမိုးကား၊ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ကန်တော့ပါ၏ အရှင်သူမြတ်ကြီးဘုရား။

## ဓါတ်တော်များပူဇော်ရကျိုး

ဓါတ်တော်များ ပူဇော်ငြား မလားပါယ်လေးရွာ
နတ်ပြည်ခြောက်ထပ် လျှင်စွာကပ် မလပ်ချမ်းသာမှာ
ချမ်းသာအမှန် မြတ်နိဗ္ဗာန် ဝင်စံသွားရမှာ။

www.dhammaransi.com



# ရန်ကုန်တိုင်း၊ အရှေ့ပိုင်းခရိုင်၊ သာကေတမြို့နယ် ဇိနမာရ်အောင်စေတီတော်မြတ်ကြီး ဝတ္တကမြေအတွင်း အာလိန်ငါးဆင့်ဓါတ်တော်တိုက်ကြီး တည်ဆောက်ရေး သမိုင်းအကျဉ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ၇/အနောက်ရပ်ကွက်၌ ဉာဏ်တော် ၁၃၅ပေရှိ မြို့ကျက်သရေဆောင် ဇိနမာရ်အောင်စေတီတော်မြတ်ကြီး၏ ဝတ္တကမြေအတွင်း၌ မြတ်စွာဘုရား၏ သရီရဓါတ်တော်၊ မွေတော်များ၊ ရဟန္တာဓါတ်တော်များ ကိန်းဝပ်ရန်အတွက် အကျယ် (၄၄) ပေ၊ အမြင့် (၈၁) ပေရှိ အာလိန်ငါးဆင့် ဓါတ်တော်တိုက်ကြီး တည်ဆောက်ရန် ဩဝါဒါဆရာတော်ဘုရားကြီးများထံမှ ဩဝါဒခံယူ၍ ၁၃၆၅ခုနှစ် တန်ဆောင်မုန်းလဆုတ် (၈)ရက် (၁၆-၁၁-၂၀၀၃) ရက်နေ့တွင် ဆရာတော်ဘုရားကြီးများမှ ဦးဆောင်၍ မြေသန့်မင်္ဂလာ ကျင်းပပြုလုပ်ခဲ့ပါသည်။ ၁၃၆၅ခုနှစ် တန်ဆောင်မုန်းလကွယ် (၂၃-၁၁-၂၀၀၃) ရက်နေ့တွင် ပန္နက်တင်မင်္ဂလာကိုလည်းကောင်း၊ ၁၃၆၅ခုနှစ် နတ်တော်လဆန်း (၇) ရက် (၃၀-၁၁-၂၀၀၃) ရက်နေ့ နံနက် (၉) နာရီတွင် အုတ်မြစ်စီမင်္ဂလာတို့ကို ကျင်းပပြုလုပ်၍ ဓါတ်တော်တိုက်ကြီးကို စတင်တည်ဆောက်ခဲ့ပါသည်။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် သာသနာတော်နှစ်ပေါင်း ၅၀၀၀အတွင်း၌ ကိုးကွယ်စရာအဖြစ် ဓာတုစေတီ (ဓါတ်တော် မွေတော်များ)၊ ဓမ္မစေတီ (တရားတော်များ)၊ ဥဒ္ဒိဿစေတီ (ရည်မှန်းကိုးကွယ်တည်ထားသောစေတီ) နှင့်ပရိဘောဂစေတီ (ဘုရားရဟန္တာတို့၏ အသုံးအဆောင်ပစ္စည်းများ) ဟူ၍ စေတီ ၄ ဆူသတ်မှတ်တော်မူခဲ့ပါသည်။

www.dhammaransi.com


ဗုဒ္ဓဘာသာဝင်များသည် ဘုရားရဟန္တာတို့၏ ဓါတ်တော်များ၊ ဓမ္မတရားတော်များ၊ ဘုရားရဟန္တာပုံတော်များကို ဌာပနာထည့်၍ ဓါတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီဟူ၍ စေတီများ တည်ထားကိုးကွယ် ဆည်းကပ်ပူဇော်ကြပါသည်။

အတိဒုလ္လဘော-အလွန်တရာ ရခဲလှသော လူ့ဘဝကို ရရှိပြီး၊ ဘုရားသာသနာတော် အတွင်း၌ လူဖြစ်ကြရသည့် ဗုဒ္ဓဘာသာဝင်သူတော်စင်များအနေဖြင့် ယခုကဲ့သို့ သာသနာတော်ကြီး နေလို လလိုထွန်းလင်းတောက်ပပြီး ရှိခိုးထိုက် ပူဇော်ထိုက်သော အခွင့်အခါနှင့် ကြုံကြိုက်၍ ဓါတုစေတီထိုက်တော်မူသောမြတ်စွာဘုရား၏ သရီရဓါတ်တော်မွေတော်များကို သာသနာတော်အတွင်း တည်ထားခွင့်၊ ကိုးကွယ်ခွင့်၊ ရှိခိုးခွင့်၊ ပူဇော်ခွင့် ရရှိကြ၍ အလွန်တရာမှ တန်ဖိုးမဖြတ်နိုင်သည့် တရားထူး တရားမြတ်များ ကျင့်ကြံအားထုတ်ပြီး အပါယ်တံခါးပိတ်၍ မဂ်ဖိုလ် နိဗ္ဗာန်ရောက်စေခြင်းအကျိုးငှာ ရည်ရွယ်လျက် အလှူ့ရှင် အလှူ့အမအပေါင်းတို့နှင့် စုပေါင်း၍ အာလိန်ငါးဆင့် ဓါတ်တော်တိုက်ကြီးကို တည်ဆောက်ခဲ့ပါသည်။

## ''ဓမ္မမိတ်ဆွေအပေါင်းတို့''

ဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူမည့် ဘုရား (၅)ဆူတွင် ဂေါတမမြတ်စွာဘုရားသည် စတုတ္ထလေးဆူမြောက် ပွင့်တော်မူခဲ့သည့် ပညာဓိကဘုရား ဖြစ်ပါသည်။

ဂေါတမမြတ်စွာဘုရား မပွင့်တော်မူမီ ပွင့်တော်မူခဲ့သည့် ဘုရားရှင်တို့သည် သက်တမ်းအားဖြင့် ထောင်သောင်းနှစ်ရှည်ကြာသည့်အလျှောက် ကမ္ဘာတစ်ဝှမ်းရှိ ကျွတ်ထိုက်သော သတ္တဝါအပေါင်းတို့အား နှစ်ပေါင်းများစွာ တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေး ချီးမြှင့်၍ ကျွတ်တမ်းဝင်စေနိုင်ခဲ့ကြပါသည်။

ဂေါတမမြတ်စွာဘုရား ပွင့်တော်မူခဲ့သည့် အချိန်ကာလသည် ကလိယုတ် (ခေါ်) ဆုတ်ကပ်ကာလဖြစ်သောကြောင့် လူတို့၏ သက်တမ်းကာလမှာ ၁၀၀အထိ လျော့နည်း လာခဲ့ပါသည်။

ဂေါတမမြတ်စွာဘုရားသည် သက်တော်တိုတောင်းသော မြတ်စွာဘုရားရှင်ဖြစ်ပါသည်။

အလောင်းတော် သိဒ္ဓတ္ထမင်းသား သက်တော် (၂၉) နှစ်တွင် တောထွက်တော်မူ၍ ဒုက္ကရစရိယာကို (၆)နှစ်ကြာမျှ ကျင့်ကြံအားထုတ်တော်မူပြီး သက်တော် (၃၅)နှစ်အရွယ်တွင် သဗ္ဗညုတရွှေဉာဏ်တော်ရှင် ဘုရားစင်စစ် ကေန်ဖြစ်တော်မူခဲ့ပါသည်။

www.dhammaransi.com



လူနတ်ပြဟ္မာ သတ္တဝါဝေနေယျတို့အား သံသရာဝဋ္ဋဆင်းရဲမှ လွတ်ကင်းကြစေရန် မဟာဂရုဏာတော်ပြင့် တရားရေအေးတိုက်ကျွေး ဟောချွတ်တော်မူခဲ့သည့် အချိန်ကာလမှာ (၄၅) ဝါမျှပင် ဖြစ်ခဲ့ပါသည်။

အလွန်တရာ တိုတောင်းလှသောအချိန်အတွင်းမှာပင် ဝေနေယျသတ္တဝါတို့၏ အကျိုးကို မျှော်ကိုး၍ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာတည်းဟူသော ပိဋကတ်သုံးပုံ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်ကို ဟောကြားဆုံးမထားရှိတော်မူခဲ့ပါသည်။

မြတ်စွာဘုရားရှင်သည် ရှင်မောဂ္ဂလာန်ကို သင်္ဂြိုဟ်ပြီးသော် ရာဇဂြိုဟ်ပြည်၌ မွေ့လျော်သမျှ နေတော်မူ၍ ဂင်္ဂါမြစ်သို့ ဒေသစာရီ ကြွချီတော်မူရာ နတ်တော်လပြည့်နေ့၌ ဥက္ကစေလသို့ ရောက်တော်မူပါသည်။ ထိုမှတဖန် ဝေသာလီပြည်သို့ ဒေသစာရီကြွချီတော်မူပါသည်။ နံနက်ပိုင်းတွင် ဆွမ်းခံဝင်တော်မူ၍ ဆွမ်းဘုဉ်းပေးပြီးသောအခါ နေပြည်တော်၏ အရှေ့ဖက် စာပါလစေတီအရပ်သို့ ရောက်ရှိ၍ ပါလာသော သံဃာအပေါင်းနှင့် အတူ သီတင်းသုံးနေတော်မူပါသည်။

မြတ်စွာဘုရားရှင်သည် ရှင်အာနန္ဒာအား ''ချစ်သားနန္ဒာ – ဤဝေသာလီပြည်သည် အလွန်မွေ့လျော်ဖွယ်ရှိ၏။ ငါဘုရားသာသနာ၌ ရဟန္တာဖြစ်ပြီးသော တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် ဣဒ္ဓိပါဒ်လေးပါးကို ပွားစေ၍ အဖန်တလဲလဲ အလေ့အလာပြု၍ နေငြားအံ့၊ ထိုပုဂ္ဂိုလ်သည် အလိုရှိသည်ရှိသော် အာယုကပ်ပတ်လုံး တည်နိုင်ရာ၏။ ထို့ထက် အလွန်လည်း တည်နိုင်ရာ၏။ ငါဘုရား ဟောတော်မူသော ဗောဓိပက္ခိယတရားခုနစ်ပါးတို့ကို ပွားစေ၍လည်းကောင်း အဖန်တလဲလဲ အလေ့အလာပြု၍လည်းကောင်း နေငြားအံ့၊ ထိုပုဂ္ဂိုလ်သည် အလိုရှိသည်ဆိုသော် အာယုကပ်ပတ်လုံးလည်းကောင်း၊ အသက်တစ်ရာကျော်သည်တိုင်လည်းကောင်း တည်နိုင်ရာ၏။

''ချစ်သား အာနန္ဒာ – ငါဘုရားသည် အလိုတော်ရှိ၍ ဣဒ္ဓိပါဒ်လေးပါး၊ အဓိပတိလေးပါး၊ ဗောဓိပက္ခိယခုနစ်ပါးတရားကိုသာ ပွားစီး၍ နေသည်ရှိသော် အာယုကပ်ပတ်လုံး တည်တော်မူနိုင်၏။ ထိုမျှမက တစ်ကမ္ဘာပတ်လုံးလည်း တည်တော်မူနိုင်၏ဟု သုံးကြိမ်တိုင်တိုင် မိန့်တော်မူခဲ့ပါသည်။

ထိုကဲ့သို့ မြတ်စွာဘုရားရှင်မှ ရှင်အာနန္ဒာအား အရိပ်အမြွက်မိန့်ကြားတော်မူသော်လည်း ရှင်အာနန္ဒာမှ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် လူနတ်တို့၏ စီးပွားချမ်းသာအလို့ငှာ အာယုကပ်ပတ်လုံး တည်တော်မူပါဟု မတောင်းပန်မိဘဲ မာရ်နတ်နှောက်ယှက်ထား၍ ရှိုးလျက် ဆိတ်ဆိတ်သာနေသောကြောင့် မြတ်စွာဘုရားရှင်သည် တည်းခိုခြင်းငှာ သင့်သောအရပ်သို့ သွားကုန်ဦးအံ့ဟု ရှင်အာနန္ဒာအား မိန့်တော်မူ၍ ထိုစာပါလစေတီနှင့် မနီးမဝေးအေးချမ်းသာယာသော အရိပ်ရှိသောသစ်ပင်ရင်း၌ သီတင်းသုံးနေတော်မူပါသည်။

ထို့နောက် ရှင်အာနန္ဒာ ရှေခပ်သွားသောအချိန်တွင် မာရ်နတ်မင်းသည် နတ်ပြည်မှ ဆင်း၍ ဘုရားရှင်ထံသို့ချဉ်းကပ်ပြီးလျှင် ''ဘုန်းတော်ကြီးသောမြတ်စွာဘုရား၊ အရှင်မြတ်သည် ပရိနိဗ္ဗာန်ပြုရန် အချိန်တန်ပြီဖြစ်၍ ယခု ပရိနိဗ္ဗာန်ပြုတော်မူပါဟု လျှောက်ထားပါသည်။

ယခုကဲ့သို့ မာရ်နတ်မင်းမှ လျှောက်ထားသည်ကို ယခင်ဘုရားရှင်တို့မှ ပြန်လည်၍ မိန့်ကြားသည်မှာ ''အသင်မာရ်နတ်–အကြင်မျှလောက်သော ကာလပတ်လုံး ငါ၏တပည့် သံဃာတို့သည် ထူးမြတ်သောတရားအရာ၌ မလိမ္မာကုန်သေး၊ ကိုယ်နှုတ်နှလုံး သုံးပါးကိုလည်း မဆုံးမနိုင်သေး၊ သင်ကြားအပ်သော ပရိယတ္တိသည်လည်း မများကုန်သေး၊ လောကုတ္တရာ တရားတော်အားလျော်သော အကျင့်ကိုလည်း မကျင့်နိုင်ကုန်သေး၊ သူတစ်ပါးအား ဟောကြားသင်ပြခြင်းငှာလည်း မစွမ်းနိုင်ကုန်သေး၊ ထိုမျှလောက်သော ကာလပတ်လုံး ငါဘုရားသည် ပရိနိဗ္ဗာန်မစံလိုသေး'' ဟူ၍၎င်း။

'' အသင်မာရ်နတ်–ငါဘုရား၏အဆုံးအမကို ခံကုန်သော ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပါသကာယောကျ်ား၊ ဥပါသိကာမိန်းမတို့လည်း ယခုမျှလောက်သော ကာလပတ်လုံး ကိုယ်နှုတ်နှလုံးသုံးပါးကို မဆုံးမနိုင်ကုန်သေး၊ အသင်အကြားမများသဖြင့် ရဲရင့်တည်ကြည်ခြင်းသို့ မရောက်ကုန်သေး၊ လောကုတ္တရာတရားအားလျော်သော အကျင့်ကို

www.dhammaransi.com



မကျင့်နိုင်ကုန်သေး၊ သူတစ်ပါးအား ဟောကြားဆုံးမပြသခြင်းငှါ မစွမ်းကုန်နိုင်သေးသော ကာလပတ်လုံး ငါဘုရားပရိနိဗ္ဗာန်မစံလိုသေး''ဟူ၍၄င်း။

''ငါဘုရား၏ဆုံးမသြဝါဒ သာသနာသည် အကြင်မျှလောက်သော အခါပတ်လုံး၊ လူနတ်ဗြဟ္မာသတ္တဝါတို့၌ များစွာမပျံ့နှံ့သေး၊ များစွာမသိသေး၊ မပြည့်စုံသေးသော ကာလပတ်လုံး ငါဘုရား ပရိနိဗ္ဗာန်မစံလိုသေး'' ဟူ၍၄င်း၊ အသီးသီးကို အရှင်ဘုရားများမှ မိန့်ကြားတော်မူခဲ့ပါသည် ဘုရား။

ယခုအခါ အရှင်ဘုရား၏ တပည့်သံဃာတို့သည် တတ်ကျွမ်းလိမ္မာကုန်ပြီ။ ကိုယ်နှုတ်နှလုံးသုံးပါးကို ဆုံးမနိုင်ကုန်ပြီ၊ အသင်အကြားများ၍ ရဲရင့်တည်ကြည်သော အဖြစ်သို့ ရောက်ရှိကြ၍ ပဋိပတ်သုံးပုံကို ဆောင်နိုင်ကြပြီးလျှင် လောကုတ္တရာ အားလျော်သော အကျင့်ကို မိမိတို့လည်း ကျင့်နိုင်၍ သူတစ်ပါးတို့ကိုလည်း သင်ကြား ပြသနိုင်သည့်အပြင် အရှင်ဘုရားသာသနာသည် စကြာဝဠာအပြည့်ပင် ပျံ့နှံ့၍ ရှိပါပြီ၊ လူနတ်ဗြဟ္မာတို့ သိ,ကြား ပြည့်စုံပါပြီဟု မိန့်တော်မူသည့်အတိုင်း ယခုအခါ ပြည့်စုံစွာ ရှိပြီးဖြစ်သောကြောင့် အရှင်ဘုရား ပရိနိဗ္ဗာန်ပြုချိန်တန်ပြီဖြစ်၍ ပရိနိဗ္ဗာန်စံတော်မူရန်'' မာရ်နတ်မင်းမှ လျှောက်ထားပါသည်။

မြတ်စွာဘုရားရှင်သည် ယခင်ပွင့်တော်မူပြီးကြကုန်သော နောင်တော်ဘုရားတို့၏ အာယုသင်္ခါသည် မည်မျှလောက်ရှည်သနည်းဟူ ဆင်ခြင်တော်မူ၍ ရှေးနောင်တော်ဘုရားတို့ ပွင့်သောကာလ လူတို့၏သက်တမ်းကို ငါးပုံပြု၍ လေးပုံမျှသာ တည်တော်မူသည် ကိုမြင်သဖြင့် ဗုဒ္ဓဝင်ထုံးတမ်းကို မလွန်ထိုက်ချေဟု နှလုံးသွင်းလျက် မာရ်နတ်အား '' ဟယ် မာရ်နတ် သင် အဘယ်ကိုစိုးရိမ်သနည်း၊ မကြောင့်ကြလင့်၊ ဤကာလမှ သုံးလလွန်သောအခါ ငါဘုရား ပရိနိဗ္ဗာန်ပြုအံ့ ''ဟု မိန့်တော်မူပြီး –

ထိုခဏအတွင်းမှာပင် မြတ်စွာဘုရားရှင်သည် သတိသမ္ပဇဉ်ယှဉ်တော်မူကာ အာယုသင်္ခါရ ကို လွှတ်တော်မူ၍ မဟာပထဝီဤမြေနှစ်သိန်းသည် ကြောက်ကြွမ်းဖွယ်

www.dhammaransi.com



ပြု၍ တုန်လှုပ်သည်ကို ရှင်အာနန္ဒာမှ မြတ်စွာဘုရားရှင်အား မေးလျှောက်သောအခါ မြတ်စွာဘုရားရှင်မှ နောက်သုံးလအကြာတွင် ပရိနိဗ္ဗာန်စံဝင်မည့် အကြောင်းကြောင့် ဤကဲ့သို့ မြေငလျင်ကြီးစွာလှုပ်ရကြောင်းနှင့် မြေငလျင်လှုပ်ရခြင်းအကြောင်း (၈) မျိုး ရှိကြောင်းတို့ကို ရှင်းလင်းမိန့်တော်မူပါသည်။

ထိုစကားကို ရှင်အာနန္ဒာကြားလျှင် မြတ်စွာဘုရားရှင်အား '' လူတို့၏ အကျိုးစီးပွား များစိမ့်သောငှာ ပါရမီဖြည့်တော်မူခဲ့ပါလျက် လျှင်စွာ ပရိနိဗ္ဗာန်ပြုတော်မမူဘဲ အာယုကပ် ပတ်လုံး တည်တော်မူပါဟု (၃)ကြိမ် မြောက်အောင် တောင်းပန်သော် မြတ်စွာဘုရားရှင် သည် ရှင်အာနန္ဒာအား '' ယခု သင်တောင်းပန်လာခြင်းသည် အခွင့်မဟုတ်ပြီ၊ ငါဘုရား ဟောကြားသော မဂ်ဉာဏ်လေးပါးကို နိဗ္ဗာန်ရောက်ကြောင်းတရားဟူ၍ ယုံကြည်၏လော အကြင်သူသည် ဣဒ္ဓိပါဒ်လေးပါး၊ ဗောဇ္ဈင်ခုနစ်ပါးတရားကို ပွားစေလေ၏။ အာယုကပ် ပတ်လုံးကိုလည်းကောင်း၊ ထို့ထက်အလွန်လည်းကောင်း တည်လိုသော် တည်ရာနိုင်၏။ ထို့အတူ ငါဘုရားသည် ဣဒ္ဓိပါဒ်လေးပါး၊ ဗောဇ္ဈင်ခုနစ်ပါးတို့ကို များစွာပွားစေ၍ အာယုကပ် ပတ်လုံးဖြစ်စေ၊ ထို့ထက်အလွန်ဖြစ်စေ နေတော်မူလိုသော် အလိုရှိသမျှ နေနိုင်၏ဟု ငါမိန့်တော်မူသည်ကို သင်သည် ငါဘုရားဒေသနာတော်ကို ပညာဖြင့်နှစ်လို၍ ယုံကြည် လာသူဖြစ်လျက် နိမိတ်ဩဘာစကားကို ဂိဇ္ဈကုဋ်တောင်၌လည်းကောင်း၊ ရာဇဂြိုဟ်ပြည်၌ လည်းကောင်း၊ နှစ်ကြိမ်တိုင်တိုင် ငါဘုရားမြွက်ကြားတော်မူသောအခါ ငါဘုရားကို မတောင်းပန်ခြင်းသည် သင့်တာဝန်ချွတ်ယွင်းခြင်းပင် ဖြစ်သည်။

'' သင်တောင်းပန်ပါက ငါဘုရားသည် သင်၏စကားကို နှစ်ကြိမ်သာ ပယ်ရှား၍ သုံးကြိမ်မြောက်မပယ်၊ လိုက်နာသည်သာဖြစ်၏။ '' ငါဘုရားသည် အသက်ဟူသော အကြောင်းကြောင့် ဆိုခဲ့ပြီးသောစကားကို တစ်ဖန်ပြန်ပြင်ခြင်း အကြောင်းမသင့် (အခွင့် မဟုတ်ချေ) '' ဟု မိန့်တော်မူသောအခါ ရှင်အာနန္ဒာသည် ပြင်းစွာသော ဝမ္မသံဝေဂ ဖြစ်တော်မူပါသည်။

ထို့နောက် မြတ်စွာဘုရားရှင်သည် ရှေးကနေခဲ့ဘူးသော ကူဋာဂါရသို့ ကြွတော်မူ၍ ရှင်အာနန္ဒာအား " ဝေသာလီပြည်ကို မှီ၍နေကြကုန်သော ရဟန်းအပေါင်းတို့အား တညီတညွတ်တည်း စည်းဝေးရောက်ရှိစေကုန်ရန် " မိန့်တော်မူပါသည်။ ရှင်အာနန္ဒာ၏ နှိုးဆော်မှုကြောင့် ရောက်ရှိလာသော ရဟန်းတို့အား " ငါ၏ချစ်သား ရဟန်းများတို့ ငါဘုရားသည် သင်တို့၏အကျိုးစီးပွားအလို့ငှာ သုတ်၊ အဘိဓမ္မာ၊ ဝိနည်းတည်းဟူသော သာသနာကို ကောင်းစွာထားအပ်ကုန်ပြီ၊ ထိုတရားတို့ကို မြဲမြံစွာ သင်ကြား၍ အဖန်တလဲလဲ ပွားများကြကုန်၊ ဤသို့ပွားများကြသော် ငါဘုရားသာသနာတော်သည် ရှည်မြင့်စွာ ထွန်းပ၍ သိဿာနု သိဿပရမ္ပရဖြစ်သော လူနတ်အများတို့သည် အကျိုးစီးပွားများခြင်းငှာ ဖြစ်လေရာ၏။ သာသနာတော်၏ ကာလအရှည် တည်ထွန်းပေရာသော အကြောင်းတရားကား သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓါန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါး ဤတရားအစုတို့ကို အထူးထူးသော ပရိယာယ်အားဖြင့် ဟောကြားခဲ့ပြီ၊ ဤတရားတို့ကို အဖန်တလဲလဲ နှလုံးသွင်းကာ သင်္ခါရတရားအစုတို့၏ ကုန်တတ် ပျက်တတ်သော သဘောကို ရှုကြကုန်လော့၊ ငါဘုရားသည် ဤလမှ သုံးလ မြောက်လွန်သော် ပရိနိဗ္ဗာန်ပြုတော်မူလတ္တံ့ " ဟူ၍ မိန့်တော်မူခဲ့ပါသည်။

မြတ်စွာဘုရားရှင်သည် ဝေသာလီပြည်မှ ဘဏ္ဍုဂါမ၊ ထိုမှတဆင့် ပါဝါပြည်ရှိ စုန္ဒ၏ ဥယျာဉ်တော်အတွင်း၌ သီတင်းသုံးတော်မူပြီးနောက် စုန္ဒဒါယကာကပ်လှူသော ဝက်သား ပြွမ်းဆွမ်းကို ဘုန်းပေးတော်မူရာ ရှေးဝဋ်ကြွေးတော်ကြောင့် ဝမ်းသွေးသွန်သော ဝေဒနာဖြစ်ပေါ် ခံစားရသည်ကို သတိပညာတော်ဖြင့် ဆင်ခြင်လျက် ထိုဝေဒနာကို ကောင်းစွာသည်းခံ တော်မူခဲ့ပါသည်။

ထိုနောက်မြတ်စွာဘုရားရှင်သည် ရှင်အာနန္ဒာနှင့် တကွ သံဃာတော်အပေါင်းခြံရံ၍ ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ဒေသစာရီကြွချီတော်မူပါသည်။ မြတ်စွာဘုရားရှင်သည် ရှင်အာနန္ဒာကပ်လှူသည့် ဂင်္ဂါမြစ်မှ ရေကို သောက်တော်ရေသုံးဆောင်ပြီး သစ်ပင်ရင်း၌

သီတင်းသုံးနေစဉ် အာဠဝရကိုဏ်းဆရာကြီး၏ တပည့် ပက္ကုသမလ္လမင်းသားရောက်ရှိလာသောကြောင့် တရားဒေသနာတော်များ ဆွေးနွေးဆုံးမ ဟောကြားတော်မူရာ ပက္ကုသမလ္လမင်းသားမှ သိင်္ဂီရွှေအဆင်းနှင့်တူသော နူးညံ့သိမ်မွေ့ချောမွေ့ပြေပြစ်လှသော ပုဆိုးအစုံကို မြတ်စွာဘုရားအား ကပ်လှူသော် မြတ်စွာဘုရားရှင်မှ ငါဘုရားအား ပုဆိုးတစ်ထည်ကို လှူဒါန်း၍ တစ်ထည်အား ရှင်အာနန္ဒာအား လှူဒါန်းစေပါသည်။

မြတ်စွာဘုရားသည် ပက္ကုသမလ္လမင်းသား လှူဒါန်းသော ပုဆိုးကို ရှင်အာနန္ဒာမှ ကပ်လှူလျှင် တစ်ထည်ကိုဝတ်၍ တစ်ထည်ကိုရုံတော်မူလျှင် ဘုရားရှင်၏အဆင်းသည် ဝင်းဝင်းညီးညီးတောက်လောင်ပြီးသော မီးကျီး၏ အလျှံကဲ့သို့လည်းကောင်း၊ ယုဂန္ဓိုရ်တောင်ဦးမှ ကွန့်မြူးထွက်လာသော သူရိယာစက်ဝန်းကဲ့သို့လည်းကောင်း၊ ရောင်ခြည်တော်ခြောက်ဆိုင်သည် တစ်ပြိုင်တည်းကွန့်၍ တင့်တယ်ခြင်းအထွတ်သို့ ရောက်ရှိတော်မူသည်ကို ရှင်အာနန္ဒာဖူးမြင်ရ၍ မြတ်စွာဘုရားရှင်၏ ကိုယ်တော်သည် အံ့ဖွယ်ထူးကဲတင့်တယ်လှ၏။ ကိုယ်တော်ရောင်တို့သည် ပြောင်ပြောင်ညီးညီး ယှိုးတနန်းဖြစ်နေသည်ကို လျှောက်ထားရာ မြတ်စွာဘုရားရှင်မှ ရှင်အာနန္ဒာအား " ထွန်းခါစဖြစ်သော တန်ဆောင်ဆီမီးသည်လည်းကောင်း၊ ငြိမ်းခါနီးဖြစ်သော တန်ဆောင်ဆီမီးသည် လည်းကောင်း ကြီးစွာသောအလျှံဖြင့် အလွန်ထွန်းပခြင်းဖြစ်သကဲ့သို့ ငါဘုရား၏ ကိုယ်တော်သည်လည်း ဗောဓိပင်နှင့် ရွှေပလ္လင်ကိုရ၍ ဘုရားဖြစ်ဦးစအခါ၌လည်းကောင်း၊ ပရိနိဗ္ဗာန်စံယူအံ့သောနေ့၌ လည်းကောင်း ဤကာလနှစ်ပါး၌ ထူးခြား၍ တင့်တယ်ခြင်းအသရေကို ဆောင်လေသည်။ ယနေ့လွန်မြောက်၍ မိုးသောက်ယံအခါ၌ ကုသိနာရုံပြည်ဝယ် မလ္လာမင်းတို့၏ အင်ကြင်းပင်စုံအကြား၌ ငါဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူလတ္တံ့ " ဟူ၍ မိန့်မှာတော်မူပါသည်။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူရာ၌ အခြားသော တိုင်းနိုင်ငံတို့၌ ပရိနိဗ္ဗာန်ပြုကောင်းသော်လည်း ဤအရပ်၌ နိဗ္ဗာန်ယူခြင်းသည် မဟာသုဒဿနသုတ်ကို ဟောခွင့်သင့်ခြင်း၊ သုဘဒ်ပရိဗိုဇ်ကို ဆုံးမတော်မူခြင်း၊ ဓါတ်တော်ကို လုယက်ကြသောကာလ

www.dhammaransi.com



ဟာဝိဝါဒ၌ ဒေါနပုဏ္ဏား ဖြန့်ဖြေ၍ ဝေဖန်အံ့သောအကြောင်းရှိခြင်း၊ ဤအကြောင်းသုံးပါး ကြောင့် ဤအရပ်သို့ ကြွရောက်တော်မူပါသည်။

ထို့နောက် မြတ်စွာဘုရားသည် ရှင်အာနန္ဒာအားခေါ်ယူ၍ ကုသိနာရုံပြည်ရှိ မလ္လာမင်း တို့အား “ ဝါသေဋ္ဌအနွယ်ဖြစ်သော မင်းများကို ဘုရားသခင်သည် ယနေ့ည မိုးသောက် ယံ၌ ပရိနိဗ္ဗာန်ပြုလတ္တံ့၊ ဖူးမြင်လိုပါမူ လျင်စွာလာကြကုန်လော့၊ နောင်သောအခါ ငါတို့ ၏နယ်ပယ်အတွင်း၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်လားသည်ကိုမျှ ငါတို့မဖူးမြင်ရချေဟု နှလုံး မသာမရှိစေလင့်ကုန်ရန် ပြောကြားချေဟူ၍ စေတော်မူသောကြောင့် ရှင်အာနန္ဒာမှ မြတ်စွာဘုရားရှင် မိန့်မှာတော်မူသည့်အတိုင်း ပြောကြားပါသည်။

မလ္လာမင်းနှင့်အကွ သားမယား၊ ဆွေမျိုးတို့သည် ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူမည့် အကြောင်း ကြားသိသောအခါ ပြည်သူပြည်သားနှင့် တကွ မင်းမျိုးမင်းဆွေတို့သည် သောင်းသောင်းညံမျှ ငိုကြွေးမြည်တမ်းကာ ဥယျာဉ်တော်သို့ဝင်၍ မြတ်စွာဘုရားရှင်၏ ခြေတော်ရင်း၌ ဦးတိုက်၍ ရှိခိုးကြပါသည်။

ကုသိနာရုံပြည်ရှိ သုဘဒ်ပရိဗိုဇ်ရဟန်းသည် ယနေ့ည ပစ္ဆိမယံ၌ ဘုရားရှင်နိဗ္ဗာန် ပြုမည်ဟုကြားသိ၍ ဘုရားရှင်၏ ဆုံးမဩဝါဒကို ခံယူလိုသောငှာ ဘုရားရှင်အားတွေ့ ခွင့်တောင်းသော် ရှင်အာနန္ဒာမှ ဘုရားရှင်ပင်ပန်း နွမ်းနယ်နေသောကြောင့် တွေ့ခွင့်မပြု ချေ။ သို့သော် ဘုရားရှင်သည် သုဘဒ်ပရိဗိုဇ်အား ဆုံးမလို၍ ကုသိနာရုံသို့ ကြွလာခြင်းဖြစ် သောကြောင့် သုဘဒ်အား ဝင်ခွင့်ပြုစေပြီး သိလိုသမျှအား လျှောက်ထားမေးမြန်းစေပါသည်။

သုဘပရိဗိုဇ်လည်း အားရဝမ်းသာနှင့် ဘုရားရှင်အား သိလိုသမျှ လျှောက်ထားမေး မြန်းသည်မှာ – ဤလူ့ရွာ၌ ဂိုဏ်းဆရာဖြစ်၍ ကျော်ဇောထင်ရှားကုန်သော ပူရဏကဿပ၊ မက္ခလိ၊ ဂေါသာလ၊ အဇိတ၊ ပကုဓကစ္စာယန၊ သဉ္စယ၊ နိဂဏ္ဌတို့သည် အလုံးစုံသော တရားတို့ကို သိကုန်ပါသလားဘုရား မသိဘဲ လွန်ကဲစွာ ဝင့်ဝါလေလားဘုရား ဟု လျှောက်ထားရာ မြတ်စွာဘုရားသခင်မှ “ အချင်းသုဘဒ် – ဤစကားကို ဖြေရန်

www.dhammaransi.com


အကြောင်းမသင့် အချိန်အခါမဟုတ်သေး၊ ဤစကားကိုထား၍ သင့်အား ငါဘုရားဟောကြားအံ့၊ သင်နာကြားလော့၊ တိတ္ထိတို့သည် ကိလေသာတည်းဟူသော အညစ်အကြေးမရှိ၊ သန့်ရှင်းဖြူစင်စွာ အင်္ဂါရှစ်ပါးရှိသည့် မဂ္ဂင်ဓမ္မကိုမရ၊ မကျင့်တတ်သောတိတ္ထိတို့သည် သာသနာ၌ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန်းကိုလည်းကောင်း၊ လေးယောက်မြောက်သော ရဟန္တာကိုလည်းကောင်း၊ အခါခပ်သိမ်း မရအပ်သေး။ ထိုသို့မဂ္ဂဋ္ဌာန်၊ ဖလဋ္ဌာန်မှ တစ်ခါတစ်ရံ မရလာသောကြောင့် ခန္ဓာပျက်၍ သေလွန်သော်လည်း အမြိုက်တရားကို မရကြကုန်၊ ငါဘုရား၏ သာသနာ၌သာလျှင် ကိလေသာကင်းဝေးစေတတ်သော အဋ္ဌင်္ဂိကမဂ္ဂပဋိပတ်ကိုရသည်ဖြစ်သောကြောင့် စွန့်ပစ်သောတရားကို ပယ်ခွာလျက် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ရဟန်းကိုလည်းကောင်း၊ ရဟန္တာကိုလည်းကောင်း၊ ကောင်းစွာရအပ်သောကြောင့် သေလွန်သောအခါ၌လည်းအမြိုက်ချမ်းသာကို ရ၏၊ အကယ်၍ တိတ္ထိတို့သာသနာ၌ မဂ္ဂါနုလောမပဋိပန္နပုဂ္ဂိုလ်လေးပါး၊ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်လေးပါး၊ ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးပါး၊ တစ်ကျိပ်နှစ်ပါးသောပုဂ္ဂိုလ်တို့ကို ရအပ်သည်ဖြစ်သော် ဤလောက၌ ရဟန္တာတို့မဆိတ်နိုင်ပါ။ ငါဘုရားသည်နိဗ္ဗာန်တရားကို မြင်လို၍ ၂၉နှစ်ကပင် တောသို့ဝင်လျက် သာမညပုဂ္ဂိုလ်တို့ ကျင့်နိုင်ခဲလှသော ဒုက္ကရစရိယာအကျင့်ဖြင့် ရှည်မြင့်စွာနေတော်မူပြီး ရဟန်းပြုသည်မှစ၍ ၅၁နှစ်ပတ်လုံး အမြတ်ဆုံးသော နိဗ္ဗာန်ကိုသာ အာရုံပြု၍ ဝိပဿနာတရားကို အားထုတ်သည့်ကာလအတွင်း၌ ငါဘုရား၏ သာသနာတော်မှကင်းလျက် နိဗ္ဗာန်သို့ရောက်သောပုဂ္ဂိုလ် တစ်စုံတစ်ယောက်မျှမရှိပါ'' ဟုမြတ်စွာဘုရားရှင်မှ ဟောကြားသည်ကို သုဘဒ်ပရိဗိုဇ် နာကြားရသောအခါ ခရီးမှားသောသူကိုဆောင်ယူ၍ ခရီးလမ်းမှန်သို့ ရောက်အောင် ပို့ဆောင်ပေးသည့် ကျေးဇူးကြီးလှသောကြောင့် မြတ်စွာဘုရားနှင့်တကွ သံဃာတော်တို့အား လဲလျောင်းဆည်းကပ်လိုပါသောကြောင့် ရဟန်းပြုပေးပါရန် သုဘဒ်ပရိဗိုဇ်မှ လျှောက်ထားတောင်းဆိုသောအခါ တိတ္ထိဖြစ်ဘူးသောသူသည် မြတ်စွာဘုရားသာသနာသို့ဝင်လိုပါက လေးလပတ်လုံးပရိဝါသ်

www.dhammaransi.com


ပြီးမှ ရဟန်းပြုခွင့်ရှိကြောင်း မြတ်စွာဘုရားမှမိန့်ကြားရာ မိမိအားရဟန်းပြုပေးပါက လေးလ မက လေးနှစ်ပတ်လုံး ပရိဝါသ်နေပါမည်ဟု လျှောက်ထားသောကြောင့် မြတ်စွာဘုရားရှင်သည် ရှင်အာနန္ဒာအား သုဘဒ်အား ရဟန်းပြုပေးရန် မိန့်တော်မူပါသည်။

သုဘဒ်ပရိဗိုဇ် ရဟန်းဘဝရောက်သော် ဥယျာဉ်အတွင်း၌ စင်္ကြံသွားလျှက် ကမ္မဋ္ဌာန်း တရားအားထုတ်သဖြင့် ပဋိသမ္ဘိဒါလေးပါး အဘိညာဉ်ခြောက်ပါး၊ သမာပတ်ရှစ်ပါးနှင့် တကွ ရဟန္တာအဖြစ်သို့ရောက်ရှိတော်မူပါသည်။ ထိုသုဘဒ်ပရိဗိုဇ်သည် ဘုရားရှင်ရှိတော် မူစဉ် နောက်ဆုံးဖြစ်သော ရဟန္တာသာဝကပင် ဖြစ်ပါသည်။

မြတ်စွာဘုရားသည် သုဘဒ်ပရိဗိုဇ်အား တရားရစေပြီးသော် ရှင်အာနန္ဒာအား ခေါ်ယူ၍ ငါ၏သာဝကဖြစ်သော သံဃာတော်အများတို့သည် ငါဘုရားပရိနိဗ္ဗာန် စံလွန် တော်မူပြီးသော်လည်း ငါဘုရားမရှိတော့ဟူ၍ မထင်မှတ်ပါနှင့်၊ ငါဘုရားဟောကြားအပ် ခဲ့သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့သည် ငါဘုရားပရိနိဗ္ဗာန်စံလွန်သဖြင့် သင်တို့၏ ဆရာဖြစ်သောကြောင့် ငါဘုရားရှိသည်ဟု ကောင်းစွာမှတ်သားထားရန် မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက် သံဃာအချင်းချင်း ဝါကြီးသောရဟန်းသည် သိက္ခာငယ်သော ရဟန်းအား အနွယ်အားဖြင့်လည်းကောင်း၊ **အာဝုသော**–ဟူသောစကားဖြင့်လည်းကောင်း ငယ်သောရဟန်းသည် ကြီးသောရဟန်းအား ဘန္တေ–ဟူ၍ လည်းကောင်း၊ **အာယသ္မာ**– ဟူ၍ လည်းကောင်း ခေါ်ဝေါ်အပ်ကြောင်း မိန့်မှာခဲ့ပါသည်။

ထို့နောက် ဆန္နရဟန်းအား ဗြဟ္မဒဏ်ပေးရန် မိန့်တော်မူပါသည်။ ထို့နောက် မြတ်စွာဘုရားသည် ရဟန်းများကို ခေါ်ယူ၍ " ချစ်သားတို့ – အကြင်ပုဂ္ဂိုလ်သည် ဘုရား–တရား–သံဃာ၌ လည်းကောင်း၊ မဂ်တရား၊ ဖိုလ်တရား၌လည်းကောင်း၊ ကျင့်ဝတ် ပဋိပတ်၌လည်းကောင်း၊ ယုံမှားတွေးတောခြင်းရှိသည်ဖြစ်သော် ငါဘုရားအား ယခုပင် လျှောက်ထားမေးမြန်းကြရန် နောင်သောအခါတွင် မြတ်စွာဘုရားကို မျက်ဝါးထင်ထင်

www.dhammaransi.com


တွေ့မြင်ရလျက် မမေးမြန်းလိုက်ရဟူ၍ နောင်တရပူပန်ခြင်း မဖြစ်ရန်အတွက် လျှောက်ထားရန် (၃) ကြိမ်မိန့်တော်မူသော်လည်း တစ်စုံတစ်ယောက်မျှ မလျှောက်ထားသောကြောင့် မြတ်စွာဘုရားမှ " ချစ်သားရဟန်းတို့ - ငါ့ကိုရိုသေသောအားဖြင့် ယခုမလျှောက်သင့်သော် အပေါင်းအဖော်ဖြစ်သော ရဟန်းတို့အား ပြောကြားရန် မိန့်တော်မူပါသည်။ ရဟန်းတို့မှ မလျှောက်ထားဘဲ ဆိတ်ဆိတ်နေသောကြောင့် ရှင်အာနန္ဒာမှ - " ဘုန်းတော်ကြီးသော မြတ်စွာဘုရား - ဤအစည်းအဝေး၌ တစ်စုံတစ်ယောက်သော ရဟန်းမျှ သာသနာ၌ ယုံမှားမှု မရှိကြပါဟု လျှောက်ထားသော်" မြတ်စွာဘုရားသည် ပစ္စက္ခအားဖြင့် ယုံမှားရှိ-မရှိ သောအရာကို သိတော်မူသည်။ ဤအစည်းအဝေး၌ အငယ်ဆုံးဖြစ်သော သံဃာသည် သောတာပန်သာ ရှိပေသတည်းဟု မိန့်တော်မူပြီးနောက် တပည့်သံဃာတော်တို့အား ပစ္ဆိမဗုဒ္ဓဝစနဖြစ်သော နောက်ဆုံးသြဝါဒကို ဤသို့လေးနက်စွာ မိန့်ကြားတော်မူပါသည်။

" ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိဝေါ၊
ဝယ ဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။ "

**အနက်**။ ။ **ဘိက္ခဝေ**-ချစ်သားရဟန်းတို့၊ **ဒါနိက္ကဒါနိ** - ယခုအခါ၊ **ဟန္ဒ** - အကျဉ်းအားဖြင့်၊ ဝါ - ငါ၏အလိုတော်ရင်းဖြင့်၊ **ဝေါ**- သင်တို့ကို၊ **အဟံ** - ငါဘုရားသည် **အာမန္တယာမိ** - မှာထားတော်မူ၏။ **သင်္ခါရာ** - ကံ စိတ် ဥတု အဟာရ တည်းဟူသော အကြောင်းလေးပါးအစုတို့သည် ပြုပြင်၍ ဖြစ်သမျှသော သင်္ခါရတရားတို့သည်၊ **ဝယဓမ္မာ**- ပျက်တတ်သောသဘောရှိကုန်၏။ **တုမှေ**- သင်တို့သည် **အပ္ပမာဒေန** - မမေ့မလျော့ မပေါ့မလစ်သဖြင့်၊ **သမ္ပာဒေထ** - ပြည့်စုံစေကုန်လော့ " ဟု နောက်ဆုံး မိန့်ကြား၍ ပရိနိဗ္ဗာန်စံဝင်ရန် သမာပတ်များကို ဝင်းစားတော်မူပါသည်။

မြတ်စွာဘုရားရှင်သည် ရှေးဦးစွာ ပထမစျာန်ကို ဝင်စားတော်မူပါသည်။ ထို့နောက် ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်တို့ကို ဝင်စားတော်မူပြီး ထိုမှထ၍ အာကာသာ

နဉ္စာယတနစျာန်၊ ဝိညာဏဉ္စာယတနစျာန် အာကိဉ္စညာယတနစျာန်၊ နေဝသညာနာသညာယတနစျာန် တို့ကို ဝင်စားတော်မူပြီးနောက် ဝေဒနာ၊ သညာတို့၏ ချုပ်ရာဖြစ်သော **နိရောဓသမာပတ်** ကို ဝင်စားတော်မူပါသည်။

မြတ်စွာဘုရားရှင်သည် နိရောဓသမာပတ်မှ ထတော်မူ၍ နေဝသညာနာသညာယတနစျာန်ကိုငင်း၊ အာကိဉ္စညာယတနစျာန်ကိုငင်း၊ ထိုမှထ၍ ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်တို့ကို ဝင်စားတော်မူပြီးနောက် ထ၍ စျာန်အင်္ဂါတို့ကို ဆင်ခြင်တော်မူသော ပစ္စဝေက္ခဏာဇောတို့သည် အကြိမ်များစွာ ဖြစ်ကုန်တော်မူပြီး (ဝီထိတွက်ရေကုဋေနှစ်သန်းလေးသိန်းသော သမာပတ်ကို ဝင်စားတော်မူပြီးမှ စတုတ္ထစျာန်အင်္ဂါကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ၏အဆုံး အလုံးစုံသော သင်္ခါရတရားတို့၏ ကုန်ငြိမ်းရာ နိရောဓသစ္စာကို အာရုံပြုသော မဟာဝိပါက်ပထမအသင်္ခါရိက၊ အဗျာကတ ဒုက္ခသစ္စာဖြစ်သော ဘဝင်စိတ်ဖြင့် ပရိနိဗ္ဗာန်စံဝင်တော်မူပါသည်။)

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်သည်ကို ကြားသိကြရသော သုံးလောကသား ပုထုဇဉ် လူနတ်များတို့သည် လည်းကောင်း၊ တရားသိပြီး အရိယာဖြစ်ပြီးသော လူနတ်ဗြဟ္မာတို့သည်လည်းကောင်း၊ တရားဓမ္မတို့ဖြင့် ပူဇော်ကြပါသည်။

သဟမ္ပတိ ဗြဟ္မာသည် မြတ်စွာဘုရားရှင်အား သံဝေဂ ဂါထာတော်ဖြင့် အောက်ပါအတိုင်း ပူဇော်ပါသည်။

“ **သဗ္ဗေဝ နိက္ခိပိဿန္တိ၊ ဘူတာလောကေ သမုဿယံ။**

**ယတ္ထ ဧတာဒိသော သတ္ထာ၊ လောကေ အပ္ပဋိပုဂ္ဂလော**

**တထာဂတော ဗလပ္ပတ္တော၊ သမ္ဗုဒ္ဓေါ ပရိနိဗ္ဗုတော။**

<u>အနက်</u>။

ဘောန္တော – အရှင်တို့၊ **ယတ္ထယသ္မိံလောကေ** – အကြင်သတ္တလောက၌၊ **ပရိယာပန္နော** – အကျုံးဝင်သော၊ **ဧတာဒိသော** – ဤသို့တာဒိဂုဏ်နှင့် ပြည့်စုံတော်မူထသော၊ **သတ္ထာ** – လူနတ်တို့၏ ဆရာဖြစ်တော်မူထသော၊ **အပ္ပဋိပုဂ္ဂလော**–တုဘက်

မရှိသောပုဂ္ဂိုလ်ဖြစ်ထသော၊ **ဗလပ္ပတ္တော** – အားတော်ဆယ်တန်၊ ဉာဏ်တော်ဆယ်ပါးသို့ ရောက်တော်မူပြီးထသော၊ **သဗ္ဗဓမ္မေ** – အလုံးစုံသောတရားတို့ကို၊ အလိုလိုသာလျှင် သိမြင်တော်မူပြီးထသော၊ **တထာဂတောပိ** – မြတ်စွာဘုရားသည်လည်း၊ **ပရိနိဗ္ဗုတော**– ပရိနိဗ္ဗာန် စံလွန်တော်မူချေသေး၏။ **အညော** – ဘုန်းကံနည်းရှား သူတစ်ပါးမူကား၊ **မရဏတော** – သေခြင်းမှ၊ **ကုတောမုစ္စတိ** – အဘယ်မှာ လွတ်သာချေတော်အံ့နည်း၊ **တတ္ထတသ္မိံလောကေ** – ထိုသတ္တလောက၌၊ **ပရိယာပန္နာ** – အကျုံးဝင်ကုန်သော၊ **သဗ္ဗေဝ**– အလုံးစုံသာလျှင်ဖြစ်ကုန်သော၊ **ဘူတာ** – သတ္တဝါတို့သည်၊ **သမုဿယံ**– ခန္ဓာငါးပါးဟုဆိုအပ်သော၊ အတ္တဘောကို၊ **နိက္ခိပိဿန္တိ**– မချွတ်ပစ်ချရကုန်လတ္တံ့သာတည်း ဟူ၍ လည်းကောင်း –––

သိကြားမင်းမှလည်း အောက်ပါ သံဝေဂ ဂါထာတော်ဖြင့် ရွတ်ဆိုပူဇော်ပါသည်။

" **အနိစ္စ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော၊**

**ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမောသုခေါ။** "

<u>**အနက်။**</u>

**ဘောန္တော** – အရှင်တို့၊ **သင်္ခါရာ** – သင်္ခါရတရားတို့သည်၊ **အနိစ္စာဝတ** – အမြဲမရှိကုန်စွတကား၊ **ဥပ္ပါဒဝယဓမ္မိနော** – ဖြစ်ခြင်း၊ ပျက်ခြင်းသဘောရှိကုန်၏။ **ဥပ္ပဇ္ဇိတွာ** – ဖြစ်ကုန်ပြီး၍၊ **နိရုဇ္ဈန္တိ** – ချုပ်တတ်ကုန်၏။ **တေသံ** – ထိုသို့ဖြစ်တတ် ပျက်တတ်သော သဘောတရားတို့၏၊ **ဝူပသမော** – ငြိမ်းရာဖြစ်သော နိဗ္ဗာန်သည်သာလျှင် **သုခေါ** – ချမ်းသာ၏။ –––

ဟူသော ဂါထာတော်ဖြင့် မြတ်စွာဘုရားရှင်အား အသီးသီးပူဇော်ကြပါသည်။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူလျှင် ရှင်အနုရုဒ္ဓါသည် ရှင်အာနန္ဒာအား ကုသိနာရုံ ပြည်ရှိ မလ္လာမင်းတို့အား ဘုရားပရိနိဗ္ဗာန်ပြုကြောင်း ဆောင်ရွက်ဖွယ်ကိစ္စတို့ကို လာ၍ ဆောင်ရွက်ကြရန် အကြောင်းကြားစေပါသည်။

မလ္လာမင်းတို့သည် ကောင်းမြတ်ရာနံ့သာဆိုင်း၊ ပန်းဆိုင်းများနှင့် ပူဇော်ဖွယ်ပစ္စည်းများ



မလ္လာမင်းတို့၏ အင်ကြင်းတော၌ ပရိနိဗ္ဗာန် ပြုတော်မူပုံ နှင့် ဒေါနပုဏ္ဏားမှ ဓါတ်တော်များဝေနေပုံ

www.dhammaransi.com

www.dhammaransi.com


ဖြင့် ပူဇော်၍ ထူးဆန်းသာယာသော ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်းတို့ဖြင့် ပူဇော်လျက်၊ အသစ်စက်စက် ပုဆိုး၊ ဗိတာန်၊ ပုဆိုး မဏ္ဍပ်တို့ကို စီရင်ကာ ၇-ရက်မြောက်သောနေ့သို့ ရောက်သောအခါ ဘုရားရှင်၏ ရုပ်ကလာပ်တော်ကို ပူဇော်ချီးမြှောက်ကာ ရတနာပြာသာဒ် ထက်၌ တင်၍ မြို့ပြင်ကိုသာ လက်ယာရစ်သုံးပတ်လည်၍ ပြည်၏တောင်စူးစူး ဖြစ်သော အရပ်၌ ရုပ်ကလာပ်တော်ကို မီးပူဇော်ရန်အကြံရ၍ ရုပ်ကလာပ်တော်အား မ,ချီသော် ရုပ်ကလာပ်တော်မှာ မကြွဘဲ ရှိနေသည်ဖြစ်သောကြောင့် ရှင်အနုရုဒ္ဓါအား လျှောက်ထားရာ ရှင်အနုရုဒ္ဓါမှ မလ္လာမင်းတို့အား သင်တို့၏ အကြံသည်လည်းတစ်ပါး၊ နတ်တို့၏ အကြံသည်လည်းတစ်ပါး၊ ခြားနားနေသောကြောင့် မကြွနိုင်ခြင်း ဖြစ်ကြောင်း မိန့်ကြားပါသည်။

နတ်တို့၏ အကြံကား ဘုရားအလောင်းရုပ်ကလာပ်တော်အား နတ်တို့စောင်းငြင်း တူရိယာ ပန်းနံ့သာတို့ဖြင့် ပူဇော်၍ မြို့အနောက်ဖက်မှ ယူဆောင်လျက် မြောက်တံခါးမှ မြို့လယ်သို့ဝင်လာပြီး အရှေ့တံခါးမှ ထွက်ပြီးလျှင် မင်းတို့၏ မင်္ဂလာပြုရာဖြစ်သော မကုဋဗန္ဓနအရပ်၌ တေဇောဓါတ်လောင်စေလိုသော အကြံရှိသည်ဟု ရှင်အနုရုဒ္ဓါမှ မိန့်တော်မူလျှင် မလ္လာမင်းတို့သည် နတ်တို့၏ အကြံအတိုင်းပင် ဖြစ်ပါစေဟု လျှောက်ထားကြပါသည်။

ဗန္ဓုလစစ်သည်ကြီး၏ ဇနီး မလ္လိကာသည် ဝိသာခါတန်ဆာနှင့်တူသော မဟာလတာ တန်ဆာဖြင့် ဘုရားအလောင်းရုပ်ကလာပ်တော်ကို ဦးခေါင်းမှ ဖဝါးတိုင်အောင် စွပ်လျှ ပူဇော်၍ ဘဝတိုင်းဘဝတိုင်းတန်ဆာမဆင်ဘဲ တင့်တယ်သောသူဖြစ်စေရန် ဆုတောင်းပါသည်။

ဘုရားရှင်၏ ရုပ်ကလာပ်တော်ကို မလ္လာမင်းတို့သည် စကြာဝတေးမင်း၏ အလောင်း တော်ကို သင်္ဂြိုလ်သကဲ့သို့ အသစ်စက်စက်ပုဆိုးတို့ဖြင့် ရစ်ပတ်လွှမ်းပြီးသော် နုနယ်သော ဝါဂွမ်းတို့ဖြင့် ပတ်လျက် အထက်၌လည်း ပုဆိုးထည်ငါးရာတို့ဖြင့် ထပ်ကာထပ်ကာ ထုတ်ပြီးလျှင် ရွှေစင်ဖြင့် ပြုလုပ်အပ်သော တလား၌ ထည့်၍ ဆီလောင်းပြီး ရွှေတလား

www.dhammaransi.com


ဖုံးဖြင့် ဖုံးအုပ်၍ စန္ဒကူးထင်းပုံထက်၌ တင်၍ မီးတိုက်ရာတွင် မီးလောင်ခြင်း မရှိသဖြင့် ရှင်အနုရုဒ္ဓါအား လျှောက်ထားရာ သင်မင်းသားတို့၏ ဖခင်များ သေလွန်၍ နတ်ပြည်၌ နတ်ဖြစ်သော ရှစ်ယောက်သော မလ္လာမင်းတို့ အလွန်ကြည်ညိုသည့် ဘုရားရှင်၏ သာဝကကြီးဖြစ်သော ရှင်မဟာကဿပသည် ငါးရာမျှသော ရဟန်းသံဃာများနှင့် ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ကြွလာရာ၌ မြတ်စွာဘုရားရှင်၏ ရုပ်ကလာပ်တော်ကို မပူဇော်ရ၊ ရှိမခိုးရသေးသမျှ ဤထင်းပုံ၌ မီးမလောင်စေသတည်း ဟု နတ်တို့ စိတ္တာန်ကြသောကြောင့် မီးမစွဲနိုင်ရှိသည်၊ နတ်တို့အလိုအတိုင်းဖြစ်ပါစေလော့ဟု မိန့်ကြားတော်မူပါသည်။

ရှင်မဟာကဿပနှင့် ရဟန်းငါးရာတို့ ရောက်ရှိလာပြီးနောက် မြတ်စွာဘုရား၏ ရုပ်ကလာပ်တော်ရှိရာ စန္ဒကူးထင်းပုံကို လက်ယာရစ်သုံးပတ်လှည့်လည်ပူဇော်ပြီး ရှင်မဟာကဿပသည် မြတ်စွာဘုရားရှင်၏ ခြေတော်အစုံကို မဖူးမြင်ရသေးသဖြင့် ဖဝါးတော်အား ရှေးရှုရပ်လျက် စတုတ္ထသမာပတ်ဝင်စားပြီးလျှင် ကိုယ်တော်၏ ခြေတော်အစုံသည် လွှမ်းခြုံသမျှကို ဖောက်ထွက်၍ ကျွန်ုပ်၏ ဦးခေါင်းထက်၌ တည်စေသော်ဟု မနောစိတ္တာန်ပြုသည့် ခဏအတွင်း၌ အကန့်တစ်ထောင်တို့ဖြင့် တန်ဆာဆင်အပ်သော တစ်ရာ့ရှစ်ကွက်သော စက်လက္ခဏာတို့၏ တည်ရာဖြစ်သော မြတ်စွာဘုရား၏ ခြေဖဝါးတော်အစုံသည် လွှမ်းခြုံရစ်ပတ်ထားသော ဝါဂွမ်းလွှာနှင့် ငါးရာသော ပုဆိုးထပ်တို့ကိုလည်းကောင်း၊ ရွှေတလားတော်ကိုလည်းကောင်း၊ စန္ဒကူးထင်းပုံကိုလည်းကောင်း ဖောက်ထွင်း၍ ထွက်လာသော ရွှေအဆင်းနှင့်တူသည့် ဘုရားရှင်၏ ခြေတော်အစုံနှစ်ဖက်ကို ဖမျက်တိုင်အောင် ကိုင်လျက် မိမိ၏ဦးခေါင်းထက်၌ ထားလျက် ရှင်မဟာကဿပသည် ရှိခိုးပါသည်။

ငါးရာသော ရဟန်းတို့နှင့်တကွ လူအမျိုးမျိုးတို့သည်လည်း ထိုကဲ့သို့ အံ့ဖွယ်ဖြစ်ရပ်ကို တွေ့မြင်ကြလျှင် ကြည်ရွှင်ဝမ်းသာလျက် ပူဇော်ဖွယ်အသီးသီးတို့ဖြင့် ချီးမြှောက်ပူဇော်မှု ပြုပြီးသော် ခြေအစုံသည် အစိတ္တာန်ရခြင်းမရှိဘဲ သူ့အလိုလို ရွှေတလားအတွင်းသို့ တည်မြဲအတိုင်းဝင်၍ တည်သည်။ ထို့နောက်ရဟန်းရှင်လူ ပရိသတ်တို့ ငိုကြွေးကြစဉ်

www.dhammaransi.com


မှာပင် ဘုရားရှင်၏ ရုပ်ကလာပ်တော်တည်ရာ စန္ဒကူးထင်းပုံသည် တစ်စုံတစ်ယောက်မျှ မီးမညှိရဘဲ အလိုလိုပင် မီးတောက်လောင်လေသည်။

ရှေးရှေးသော ဘုရားရှင်တို့၏ ဓါတ်တော်များသည် မပြိုကွဲ တစ်ခဲနက်ပင် တည်ရှိသော်လည်း ကျွန်ုပ်တို့၏ ဘုရားရှင်ကား သက်တော် (၈၀) ဝါတော် (၄၅) ဝါနှင့် ပရိနိဗ္ဗာန်စံဝင်တော်မူသောကြောင့် သက်တော်ရှည်ဘုရားရှင်များကဲ့သို့ ရွှေရုပ်ကြွင်းအဖြစ် ကူးပြောင်းတော်မမူဘဲ သာသနာတော်နယ်အတွင်း လူတို့၏ အကျိုးစီးပွားများစိမ့်သောငှာ အဓိဋ္ဌာန်တော်မူခဲ့သော အာနုဘော်တော်ကြောင့် စွယ်တော်လေးဆူ၊ ညှပ်ရိုးတော်နှစ်ဆူ၊ နဖူးသင်းကျစ်တော်တစ်ဆူ၊ ဤခုနစ်ဆူသော ဓါတ်တော်တို့သည် မပြိုကွဲဘဲ အသမ္ဘိန္န ဓါတ်တော်အဖြစ် လည်းကောင်း၊ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ အသားတော်မှ ဖြစ်တော်မူသော ရွှေရောင်အဆင်းရှိသည့် (ပဲနောက်စေ့ခန့်ပမာဏရှိသော) ဓါတ်တော်၊ အရိုးတော်မှဖြစ်တော်မူသော ပုလဲရောင်အဆင်းရှိသည့် (ဆန်ကျိုးခန့်ပမာဏရှိသော) ဓါတ်တော်၊ အသွေးတော်မှဖြစ်တော်မူသော မြတ်လေးငုံအဆင်းရှိသည့် (မုံညှင်းစေ့ခန့်ပမာဏ ရှိသော) ဓါတ်တော်များသည် သမ္ဘိန္နဓါတ်တော်များအဖြစ် လည်းကောင်း ထားရှိခဲ့ပါသည်။

မလ္လာမင်းတို့သည် ဓါတ်တော်များကိုယူ၍ ရွှေအတိဖြစ်သော အိုး၌ထည့်ပြီးလျှင် မွှေးကြိုင်သော နံ့သာရေတို့ဖြင့် ပက်ဖျန်း၍ နံ့သာဆိုင်တို့ကို ချိတ်ဆွဲလျက် လေး၊ လှံ၊ သန်လျက် လက်နက်စွဲကိုင်သော ယောက်ျားတို့ကို အစောင့်အရှောက်ထား၍ ဆင်တပ်၊ မြင်းတပ်၊ လေးသည်တော်တပ် ခြံရံပြီး ခုနစ်ရက်ပတ်လုံး ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်း တို့ဖြင့်လည်းကောင်း၊ ပန်းနံ့သာတို့ဖြင့်လည်းကောင်း အရိုအသေပြု၍ ပူဇော်ကြပါသည်။

မြတ်စွာဘုရားရှင်ပရိနိဗ္ဗာန်စံခြင်းကို သိသော မဂဓတိုင်းရှင်ဘုရင် အဇာတသတ်မင်း၊ ဝေသာလီပြည်သား လိစ္ဆဝီမင်း၊ ကပိလဝတ်ပြည်သား သာကီဝင်မင်း၊ အလ္လကပ္ပပြည်သား ဗုလိမင်း၊ ရာမရွာသား ကောလိယမင်း၊ ဝေဋ္ဌဒီပတိုင်းသား ပုဏ္ဏားနှင့် ပါဝါပြည်သား မလ္လမင်းများသည် သရီရဓါတ်တော်များကို တစ်စုတစ်ပုံရလိုကြောင်းနှင့် စေတီပုထိုးများ တည်လိုသည်ဖြစ်၍ သံတမန်များ စေလွှတ်၍ တောင်းကြပါသည်။

www.dhammaransi.com


ကုသိနာရုံပြည်သား မလ္လာမင်းတို့ကလည်း မြတ်စွာဘုရားရှင်သည် ငါတို့၏ပြည်နယ်၌ ပရိနိဗ္ဗာန်ပြုသည်– ငါတို့ကိုးကွယ်ထိုက်၍ ဘုရားရှင်၏ သရီရဓါတ်တော်များရသည်။ သင်တို့အားခွဲဝေ၍ မပေးနိုင်ကြောင်း ပြန်လည်ပြောကြားသဖြင့် ခုနစ်ပြည်ထောင်မင်းတို့နှင့် ပဋိပက္ခဖြစ်လျက်ရှိရာ ခုနစ်ပြည်ထောင်မင်းတို့၏ ဆရာ ဒေါဏပုဏ္ဏားကြီးမှ ဓါတ်တော်များကို စေတီတည်ထားကြည်ညိုကိုးကွယ်ကြရန် ပြောကြား၍ ဓါတ်တော်များကို ခွဲဝေပေးပါသည်။

ဒေါဏပုဏ္ဏားကြီးမှ ဦးစီး၍ခွဲဝေပေးလိုက်သော ဓါတ်တော်များကို ခုနစ်ပြည်ထောင်မင်းတို့နှင့် ကုသိနာရုံပြည်သား မလ္လမင်းတို့သည် မိမိတို့တိုင်းပြည်များသို့ အသီးသီးပင့်ဆောင်၍ စေတီတည်ကာ ဓါတ်တော်များကို ဌာပနာ၍ ကိုးကွယ်ပူဇော်ကြပါသည်။

ဓါတ်တော်ဝေသည့် ဒေါဏပုဏ္ဏားကြီးသည် ၎င်း၏ဦးရင်းခေါင်းပေါင်းကြား၌ ဝှက်ထားသော လက်ျာစွယ်တော် (အံတော်)ကို စမ်းသပ်ရှာဖွေသော်လည်း မတွေ့မမြင်သဖြင့် ကြည်ညိုလွန်း၍ ပူဇော်လိုသဖြင့် ခိုးဝှက်ထားသူပီပီ မည်သူ့ကိုမျှ မမေးဝံ့တော့ဘဲ မိမိအား ဤဓါတ်တော်ထည့်သော ရွှေပန်းတောင်း(ပြည်တောင်း) သည်လည်း ဓါတ်တော်အလားအလာရှိသည်ဖြစ်၍ ကိုးကွယ်ရန်ပေးပါဟု တောင်းယူကာ ၎င်းရွှေပန်းတောင်းကို စေတီပုထိုးတည်ထား၍ ပူဇော်ပါသည်။

ဝိပ္ပလိဝနတိုင်းသား မောရိယမင်းများသည် ဓါတ်တော်ဝေပြီးမှ ရောက်ရှိလာကြသဖြင့် မီးသင်္ဂြိုဟ်ရာအရပ်မှ မီးသွေးတို့ကို ယူဆောင်၍ ၎င်းတို့တိုင်း၌ စေတီပုထိုးတည်ထား ပူဇော်ကြပါသည်။

မြတ်စွာဘုရားရှင်၏ သရီရဓါတ်တော်များသည် ရှစ်စိတ်ရှိပြီး ခုနစ်စိတ်ကို ဇမ္ဗူဒိပ်ကျွန်း၌ ကိုးကွယ်ပူဇော်ကြ၍ တစ်စိတ်ကို ရာမရွာ၌ နဂါးမင်းတို့ ကိုးကွယ်ပူဇော်ပါသည်။

မြတ်စွာဘုရားရှင်၏ စွယ်တော်လေးဆူမှာ လက်ယာအထက်စွယ်တော်ကို တာဝတိံသာနတ်ပြည်၌လည်းကောင်း၊ လက်ယာအောက်စွယ်တော်တစ်ဆူကို နဂါးပြည်၌လည်းကောင်း၊ လက်ဝဲအထက်စွယ်တော်တစ်ဆူကို ဂန္ဓာရပြည်၌လည်းကောင်း၊

www.dhammaransi.com


လက်ဝဲအောက်စွယ်တော်တစ်ဆူကို ကာလိင်္ဂတိုင်း၌လည်းကောင်း အသီးသီးပင့်ဆောင်ကိုးကွယ်ပူဇော်ကြပါသည်။

မြတ်စွာဘုရား၏ သရီရဓါတ်တော်များကို အသီးသီးခွဲဝေယူသွားသည်ကို မြတ်စွာဘုရားပရိနိဗ္ဗာန်စံတော်မူပြီး အရှင်မဟာကဿပနှင့် အဇာတသတ်မင်းတို့ဦးစီးပြုလုပ်သော ပထမသင်္ဂါယနာတင်အပြီးတွင် အရှင်မဟာကဿပ၏ တန်းခိုးတော်ဖြင့် ဓါတ်တော်များအား ပြန်လည်ပင့်ယူပြီး မြေအောက်တွင် စက်ယန္တရားဖြင့် ဝန်းရံ၍ တစ်စုတစ်ပေါင်းတည်း ဌာပနာကာ အပေါ်တွင် စေတီငယ်တစ်ဆူ တည်ထားပါသည်။

သာသနာသက္ကရာဇ် ၂၃၅ တွင် အရှင်မဟာမောဂ္ဂလိတိဿနှင့် သီရိဓမ္မာသောကမင်းတို့ဦးဆောင်၍ တတိယသင်္ဂါယနာတင်တော်မူပါသည်။ ၎င်းနောက် အရှင်မဟာမောဂ္ဂလိတိဿမထေရ်တန်ခိုးတော်ဖြင့် စက်ကြိုးယန္တရားများ ဝန်းရံထားသော ဓါတ်တော်များကို ပြန်ယူပြီး သာသနာတော်ပြန့်ပွားစေရန် ကိုးတိုင်း၊ ကိုးပြည်၊ ကိုးဌာနတို့ကို သာသနာပြုများ စေလွှတ်ကာ စေတီပေါင်း ၈၄၀၀၀ကို တည်ထားကိုးကွယ်ခဲ့ကြပါသည်။

သီရိဓမ္မာသောကမင်းကြီးခွဲဝေလှူဒါန်းခဲ့သော စေတီပေါင်း ၈၄၀၀၀ တို့ မြန်မာနိုင်ငံသို့လည်း ခွဲဝေရောက်ရှိလာကြပါသည်။ မြတ်စွာဘုရား၏ သရီရဓါတ်တော်များအပြင် ကျွတ်တန်းဝင်ကြကုန်သော ရဟန္တာအရှင်သူမြတ်တို့၏ ဓါတ်တော်များသည်လည်း သန်းပေါင်းများစွာရှိရာ ယင်းဓါတ်တော်များသည် ဗုဒ္ဓဘာသာဝင်များရှိရာ ကြည်ညိုကိုးကွယ်သူများရှိရာ နေရာများတွင်သာ ကိန်းဝပ်တော်မူပါသည်။

မြန်မာနိုင်ငံသို့ရောက်ရှိလာသော မြတ်စွာဘုရားဓါတ်တော်များ နှင့် ရဟန္တာ ဓါတ်တော်များအနက် တချို့ကို မြင်းခြံမြို့၊ ဇောတိကာရုံကျောင်းဆရာတော် ဘဒ္ဒန္တကောဏ္ဍည အရှင်သူမြတ်(ယခုပျံလွန်)မှ စာပေ၊ ကျမ်းဂန်၊ ကျောက်စာများလေ့လာ၍ နေရာဒေသ အသီးသီး၌ လိုက်လံရှာဖွေပူဇော်ခွင့် ရရှိခဲ့ပြီး၊ အချို့ကိုမူ လာရောက်လှူဒါန်းကြသော ဒကာ၊ ဒကာမများထံမှ ရရှိပူဇော်ခဲ့ပါသည်။ ဆရာတော်ဘဒ္ဒန္တကောဏ္ဍညအရှင်သူမြတ်သည် ၁၃၀၉–ခုနှစ်မှ စတင်၍ ဓါတ်တော်များကို ရှာဖွေစုဆောင်း ပူဇော်ခဲ့ပါသည်။ ဆရာတော်

www.dhammaransi.com


ဘုရားကြီးသည် မြတ်စွာဘုရားရှင်၏ ဓါတ်တော်၊ မွေတော်များအပြင် ဆံတော်နှင့် အံတော်များကိုပါ ရရှိပူဇော်ခဲ့ရသောကြောင့် မိမိနည်းတူ မြန်မာနိုင်ငံအဝှန်းရှိ တပည့်ဒကာ၊ ဒကာမများလည်း ကြည်ညိုဖူးမျှော်ပူဇော်နိုင်ကြစေရန်နှင့် ဓါတ်တော်များကို ကြည်ညိုပူဇော်ကြ၍ ရရှိအပ်သောအကျိုးတရားများကို ခံစားစေလိုသော စိတ်စေတနာများကြောင့် ဓါတ်တော်ကိုးကွယ်လိုသူများကိုလည်း ဆရာတော်ဘုရားကြီးမှ လှူဒါန်း၍ ပင့်ဆောင်ပူဇော်ခွင့်ပြုခဲ့ပါသည်။

သို့ပါ၍ သာကေတမြို့နယ်သူ၊ မြို့နယ်သားတို့ကိုလည်း ဓါတ်တော်များ ပူဇော်ကြည်ညိုခွင့် ရရှိစေခြင်းအလို့ငှာ သာကေတမြို့နယ်၊ ၇-အနောက်ရပ်ကွက်၌ ရပ်ဟန်းရှင်လူပြည်သူအများစုပေါင်း၍ တည်ထားကိုးကွယ်မည့် စေတီတစ်ဆူအား၊ ၁၉၈၉-ခုနှစ်၊ ဒီဇင်ဘာလ (၁၆)ရက်နေ့တွင်၊ မင်းကွန်းဆရာတော်ဘုရားကြီး တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ အရှင်သူမြတ်ကိုယ်တော်တိုင် (ယခင်မဟာစေတီအား) မာရ်ငါးပါးကိုအောင်မြင်တော်မူသော "**ဇိနမာရ်အောင်စေတီတော်**" ဟု ဘွဲ့တော်ပေး၍ ၁၉၉၀-ခုနှစ်၊ ဇန္နဝါရီလ (၂၇) ရက်၊ (၁၃၅၁-ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်) နေ့တွင် ကိုယ်တော်တိုင် ကြွရောက်၍ အုတ်မြစ်စီမင်္ဂလာ ကျင်းပပေးခဲ့ပါသည်။

မင်းကွန်းဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ဘွဲ့ချီးမြှင့်ပေးခဲ့သည့် ဇိနမာရ်အောင်စေတီတော်မြတ်ကြီးကို ၁၉၉၀-ခုနှစ် တွင် စတင်တည်ဆောက်ခဲ့ရာ၊ စေတီတော်ကြီးတွင် ဌာပနာတော်ထည့်သွင်းပူဇော်ရန်အတွက် ဓါတ်တော်များကို မြင်းခြံဆရာတော်ဘုရားကြီးထံမှ (ထိုစဉ်က - ဥက္ကဋ္ဌ - စေတီတော်တည်ဆောက်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ အမှတ် (၂) စစ်ဒေသမှူး) ဗိုလ်မှူးကြီးဝင်းလှိုင်၊ ဒု-ဗိုလ်မှူးကြီးအောင်စန်း - တပ်ရင်းမှူး (ခ. လ. ရ-၂၀၄) တို့၏ ဦးစီးညွှန်ကြားမှုဖြင့် ဇိနမာရ်အောင်စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ - ဦးစိုးညွန့် မှ ဦးဆောင်၍ ဂေါပကအဖွဲ့ဝင်များ ယောဂီအဖွဲ့ဝင်များ သွားရောက်ပင့်ဆောင်ပူဇော်ခဲ့ကြပါသည်။

www.dhammaransi.com


ဇိနမာရ်အောင်စေတီတော် ဂေါပကအဖွဲ့သည်၊ မြတ်စွာဘုရားရှင်၏ ဓါတ်တော်–မွေတော်များနှင့် ရဟန္တာဓါတ်တော်များကို သာကေတမြို့နယ်အတွင်းရှိ ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက်၊ သာကေတမြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ လှည့်လည်ပင့်ဆောင်အပူဇော်ခံရာတွင်၊ ဓါတ်တော်များမှာ ရောင်ခြည်တော်များ ကွန့်မြူးခြင်း၊ ဓါတ်တော်များမြူးကြွခြင်း၊ ဓါတ်တော်များတိုးပွားလာခြင်း စသည်ဖြင့် ဓါတ်တော်များ၏ တန်ခိုးတော်များကို ထူးထူးခြားခြား ကြည်ညိုဖွယ်ရာ အဖြာဖြာတို့ကို ရဟန်းရှင်လူ ပြည်သူအများမှ ထင်ထင်ရှားရှား အံ့သြဖွယ်ရာ ဖူးမြော်တွေ့မြင်ကြရပါသည်။ ထိုကဲ့သို့ မြတ်စွာဘုရားရှင်၏ သရီရဓါတ်တော်–မွေတော်များ၊ ရဟန္တာများ၏ ဓါတ်တော်များ ရောင်ခြည်တော်အဖြာဖြာ၊ တန်ခိုးအဖြာဖြာတို့ကိုကြည်ညိုဖူးမြော်နိုင်ရန်အတွက် ပင့်ဆောင်ပူဇော်လိုသည့် ဓမ္မမိတ်ဆွေများ၏ နေအိမ်များသို့ ဇိနမာရ်အောင် စေတီတော် ဂေါပကအဖွဲ့မှ ပင့်ဆောင်ပူဇော် ကြည်ညိုခွင့်ပြုခဲ့ပါသည်။

ထိုသို့မြတ်စွာဘုရားရှင်၏ ဓါတ်တော်မွေတော်များ၊ ရဟန္တာများ၏ ဓါတ်တော်များအား ပင့်ဆောင်ပူဇော်ကြည်ညိုခွင့်ရရှိသည့် ပုဂ္ဂိုလ်များ၏ နေအိမ်များ၌လည်း၊ အမှန်တကယ် မျက်မြင်ကိုယ်တွေ့ဖူးမြော်ခွင့် ရရှိသည့် ဓါတ်တော်မွေတော်များ၏ ထူးခြားကြည်ညိုဖွယ် တန်ခိုးအဖြာဖြာ ရောင်ခြည်တော်ကွန့်မြူးပုံများကို ဓမ္မမိတ်ဆွေများ ကြည်ညိုသဒ္ဓါပွားများနိုင်စေရန်အတွက် ၁၉၉၀–ခုနှစ်၊ စက်တင်ဘာလနှင့်အောက်တိုဘာလ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာပါ ဆောင်းပါးရှင် မင်းဝင်း၏ " ကြည်ညိုဖွယ်ရာ ဓါတ်တော်အဖြာဖြာ " နှင့် ၁၉၉၁–ခုနှစ်၊ ဖွန်လ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာပါ ဆောင်းပါးရှင် ကျော်စိန်၊ ဓါတ်ပုံ– သိန်းဝင်း ၏ " တန်ခိုးတေဇော်အာနုဘော်တို့နှင့် ပြည့်စုံသော ဘုရားသရီရ ဓါတ်တော်နှင့် ရဟန္တာ ဓါတ်တော်များ " ဆောင်းပါးတို့မှ ကောက်နုတ်ရေးသား တင်ပြလိုက်ပါသည်။

၁၉၉၀ – ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့၌၊ သာကေတမြို့နယ်၊ အမှတ် (၁၁၅)၊ အနော်မာ (၇) လမ်းရှိ ဦးအုန်း နေအိမ်သို့ ဓါတ်တော်များပင့်ဆောင်ပူဇော်ထားသော ဓါတ်တော်ကြုပ်အတွင်းမှ ဓါတ်တော်များမှာ ပင့်ဆောင်လာစဉ်က လက်နှစ်လုံးခန့် လျော့နေရာမှ ဓါတ်တော်ကြုပ်အတွင်းမှ ဓါတ်တော်များပြည့်လျှံတက်လာသည်ကိုင၁း၊ အနော်မာအနောက် (၇) လမ်း၊ အမှတ် (၂၇၉) နေ ဦးဟင်ဝင်း၏ နေအိမ်၌ ပင့်ဆောင်

www.dhammaransi.com


ပူဇော်စဉ်၊ ရဟန္တာဓါတ်တော်များမှာ ကြုပ်အတွင်း၌ ပြည့်လျှံတက်လာသည်ကိုဒင်း၊ (၂၉-၇-၉၀) ရက်နေ့မှာပင်၊ ၁/အနော်မာရပ်ကွက်၊ ဦးစိန်ဝင်း - ဒေါ်ခင်ရွှေဦး အိမ်သို့ ညကိန်းဝပ်ရန်ပင့်ဆောင်လာရာ၊ ဓါတ်တော်သုံးလုံးမှာ ကြေးနီရောင်သန်းလာသဖြင့် တစ်ရပ်ကွက်လုံး စုရုံးရောက်ရှိဖူးမြော်ကြပါသည်။ ထိုသို့ ဓါတ်တော်များ ကြေးနီရောင် သန်းသည်မှာ ပြင်ပမှ မီးရောင်ကြောင့်ဟု ထင်မြင်သဖြင့်၊ ပတ်ဝန်းကျင်မီးများအားလုံးကို ပိတ်၍ ကြည့်သောအခါ၊ ကြေးနီရောင်အပြင် - အခြားဓါတ်တော်များမှလည်း အပြာရောင် အဏုမြူရောင်များလင်းနေသည်ကို ဖူးမြော်တွေ့မြင်ကြရပါသည်။ ၎င်းအပြင်၊ ဓါတ်တော် များမှာ ရောင်ခြည်တော်များကွန့်မြူးလာသဖြင့် ဓါတ်ပုံမှတ်တမ်းများရိုက်ယူကြပါသည်။

ငင်းရပ်ကွက်တွင် ၅ ပုံ ၃ ပုံမှာ၊ အစ္စလာမ်ဘာသာဝင်များရှိပြီး၊ ဓါတ်တော်များမှ ရောင်ခြည်တော်များကွန့်မြူးခြင်း၊ ပွားများခြင်းများကို ထူးထူးခြားခြားတွေ့မြင်ကြရ၍ ဗုဒ္ဓဘာသာဝင်များသာမက၊ အစ္စလာမ်ဘာသာဝင်များကပါ အလှူငွေများထည့်ဝင်လှူ ဒါန်းကြပါသည်။ ထိုနည်းတူစွာပင်၊ ဂေါ်ရခါးလူမျိုး - ဦးဝင်းလှိုင်၏ နေအိမ်သို့ပင့်၍ ညအိပ်ကိန်းဝပ်စဉ်၊ ည (၁)နာရီတွင် ဓါတ်တော် (၃) လုံးမှာ ရွှေရောင်သန်းလာသည်ကို နံနက် (၄) နာရီအထိ ပူဇော်ရေးအဖွဲ့ဝင်များနှင့်အတူ မီးများပိတ်၍ စောင့်ကြည့်ဖူးမြော် ကြရာ၊ ပေါ်ဆုံးရှစ်လုံးမှာ ရွှေရောင် - အောက် နှစ်လုံးမှာ ကြေးနီရောင်၊ ကျန်ဓါတ်တော် များမှာ နီပြာရောင်များဖြစ်၍ ရောင်ခြည်တော်များ ကွန့်မြူးနေသည်ကို ထူးခြားစွာ ဖူးတွေ့ကြရပါသည်။

ငင်းနောက်၊ ၁/အနော်မာရပ်ကွက်၊ ဗလမ်းရှိ ဦးဆာမိ၏ နေအိမ်၌ ပင့်ဆောင် ပူဇော်ကြစဉ်၊ ည(၁၀း၄၅) နာရီတွင် ရှင်သီဝလိဓါတ်တော်မှ နို့နှစ်ရောင် ရှင်သီဝလိပုံတော် ကို ဖူးတွေ့ကြရသည်ကို ပတ်ဝန်းကျင်မှသတင်းကြား၍ လာရောက်ဖူးမြော်ကြရာ ငင်းတို့ ၏အိမ်ကြမ်းပြင် နိမ့်သွားသည်အထိ ဖြစ်သွားခဲ့ပါသည်။

(၈-၇-၉၀) ရက်နေ့တွင်၊ မာန်ပြေ (၁၉) လမ်းအရှေ့၊ အမှတ် (၈) ဦးထွန်းညွန့် မိသားစု နေအိမ်၌ ည (၉) နာရီတွင် တကောင်းခေတ်ဓါတ်တော်အသေးများ ကိန်းဝပ်သည့် ဖန်ပေါင်းချောင်၏ အောက်ခြေမှ ဓါတ်တော် အစိမ်းပြာရောင် သုံးလေးကြိမ်ကွန့်မြူးပါသည်၊ အောက်ခြေမှဓါတ်တော် အစုလိုက်အပေါ်တက်-အောက်ဆင်း ဖြစ်နေသည်ကို ဖူးတွေ့ ရပြန်ပါသည်။ ငင်းနောက်၊ ည (၁၁း၃၅) နာရီမှ (၁၂း၄၅) နာရီအတွင်း အများကြည်ညို

www.dhammaransi.com



နေစဉ်၊ အစိမ်းပြာရောင်မှ လိမ္မော်ရောင်အဆင်းပြောင်းကာ အပေါ်သို့တက်ရောက်ပြီး အရောင်များထွက်ပေါ်နေကြောင်း – ထိုနေ့မှာပင်၊ မာန်ပြေ (၁၀) လမ်းအရှေ့ ဓမ္မရက္ခိတ ဓမ္မာရုံ၌ ရှင်မဟာမောဂ္ဂလာန် ဓါတ်တော်များကို ပူဇော်ခံနေစဉ် ည (၁၂) နာရီကျော်အချိန်တွင် ဓါတ်တော်များမှ ရောင်ခြည်တော်များ ကွန့်မြူး နေသည်ကို အများပြည်သူများ ဖူးတွေ့ကြရပါသည်။

(၈–၇–၉၀) ရက်နေ့တွင်ပင်၊ မာန်ပြေ (၁၅) လမ်းအရှေ့ ဦးကျော်၏ နေအိမ်၌ ည (၈) နာရီခန့်တွင် တကောင်းခေတ် ရဟန္တာဓါတ်တော်ကြီး (၂၈) ဆူ အပူဇော်ခံခဲ့ရာ ရောင်ခြည်တော်များကွန့်မြူးနေသည်ကို ဖူးတွေ့ကြရပါသည်။ မာန်ပြေ (၁၈) လမ်းအနောက်၊ ဦးတင်အောင်၏ နေအိမ်၌၊ တကောင်းခေတ် ရဟန္တာဓါတ်တော်အဖြူကြီး (၃၀၀) ဆူကို နံနက် (၁၁) နာရီတွင် ပါပလရိကာ ကား (ဒ/၉၄၆၆) ဖြင့်ပင့်ဆောင်ရာ ယာဉ်မောင်းသူ မောင်မျိုးသက်လင်းမှာ ကားစက်ကို မနှိုးဘဲ – စတီယာရင်ကို မကိုင်ရဘဲ – အလိုအလျောက် မောင်းထွက်လာသည်ကို အံ့ဩဖွယ်တွေ့ရှိကြရပါသည်။ (၉–၇–၉၀) ရက်နေ့တွင်၊ မာန်ပြေ – သုမနလမ်း၊ ဦးမြမောင်နေအိမ်တွင် နံနက် (၁၀) နာရီခန့်၌ ရထားပုံ့အတွင်းရှိ ရဟန္တာဓါတ်တော်ခြောက်ဆူမှ ရှစ်ဆူဖြစ်လာသည်ကို ဖူးတွေ့ရပါသည်၊ ၎င်းနေ့မှာပင်၊ မာန်ပြေ (၁၇)လမ်းအရှေ့ ဦးထွန်းကြည်နေအိမ်၌၊ တကောင်းခေတ် ရဟန္တာဓါတ်တော်အသေးမှ နေ့လည် (၁၂) နာရီ (၃၀) မိနစ်တွင်၊ ပိုးစုံးကြူးပမာခန့် ရောင်စုံကွန့်မြူးခဲ့သည်ကို (၁၀) မိနစ်ခန့် ဖူးတွေ့ရပါသည်။

